KoKo Latt(ShweMahar) ဗိသားစုမှ ဓမ္မဒါနကုသိုလ်ဖြူ ပူဇော်သည်။


အဖွင့်ဓာတ်ပုံ - ဦးဝင်းဆွေ (မဟာမြိုင်)
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်နေ့
ပထမအကြိမ်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -
တန်ဖိုး -
ထုတ်ဝေသူ - ဦးဝင်းဆွေ (ယာယီ-၁၆၄၅)
မဟာမြိုင်စာပေ
ယ-၁၆၊ ၃၆လမ်း၊ ၆၄×၆၅လမ်းကြား၊
မဟာမြိုင်(၁)၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၈၈၅၀
ပုံနှိပ်သူ - ဦးငြိမ်းချမ်း
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄လမ်းနှင့် ၃၃လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂-၃၉၇၁၇၊ ၆၀၁၃၆

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
မင်းဘိသိက်ခံဝတ်ရွတ်စဉ်
မန္တလေးမြို့။ မဟာမြိုင်စာပေ။
ပထမအကြိမ်၊ ၂၀၁၅။
စာ၊ ၁၂. ၅ စင်တီ×၁၈. ၅ စင်တီ။




## တာဝန်မဲ့ မသွားလိုသောထေရ်အရှင်မြတ်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် မြန်မာပြည်အရပ်ရပ် ဝနဝါသီ တောမှီခလေ့ ဓုတင်မွေ့ပျော်ဆိတ်ငြိမ်မှုကို လိုလားနှစ်သက်တော်မူပြီး တောတောင်မြိုင်တန်းစိမ့်စမ်းလျှိုမြောင် ကျောင်းဆောင်လှိုဏ်ဂူများတို့တွင် သတိတစ်လုံး လက်ကိုင်သုံးလျက် ထိ၊သိ၊ပျက် ရှုကွက်မှာတင် ဝိပဿနာဉာဏ်အမြင်များဖြင့် ပွားများအားထုတ်တော်မူ၍ လှည့်လည်သီတင်းသုံးတော်မူလေ့ရှိပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် . . .

**“လေခက္ခရေဟိ လီပိကံ၊ အကာသိ နုရူပံ ဓမ္မံ”** . . .
အစချီ ကျမ်းဖွင့်ဂါထာ၌ . . .

“မင်သက်အက္ခရာတို့ဖြင့် တရားနှင့်လိုက်သော စာစု ပေစုရေးရာမှုကို စိတ်တွေးလမ်းဖောက် မဖြစ်စလောက်ဖြင့် ကောက်ခါထောက်ရှု စုရင်းပြု၊ ပြုရင်းစု ပြုခဲ့မိ စုခဲ့မိပါချေပြီ။

စာစုပေစုကျမ်းအဖြစ် ပြုစီရင်သော ထိုငါသည် အကြင်ကျမ်းငယ်ကျမ်းစုစီရင်မှုအတတ်ဖြင့် ထင်ပေါ်ကျော်ကြား လူသိများလိုခြင်းကိုလည်း မတောင့်တခဲ့ဘူးသည်မှာ အမှန်ပါ။ ဘုန်းလာဘ်ပိုမို စိုပြေလိုခြင်းကိုလည်း မမျှော်လင့်ရိုးအမှန်ပါ။



နောက်တစ်ချက်မှာ ထိုငါသည် စာပေရေးရာ ကျွမ်းနှီးလိမ္မာခြင်းကြောင့်လည်း မဟုတ်။ ရေးသားမှုဘက် ဝါသနာထက်လွန်း၍လည်း မဟုတ်။

ထိုသို့ပင် ဟုတ်ဘူး ဟုတ်ဘူး ပြောင်လိမ်ဘူး သုံးနေပါသော်လည်း အမှန်ဝန်ခံရပါမူ . . . သိထိုက်သူ လူအပေါင်းတို့အား၊ အသိပေးထိုက်နေသူ လူအပေါင်းတို့ကို သစ္စာဉာဏ်ဖြင့်ကူထောက်ပို့ကြို ချီးမြှောက်လို၍လည်းကောင်း၊ အသိပေးထိုက်သူ လူအပေါင်းတို့၏ အသိဉာဏ်သည်လည်း ပွင့်စေလို၍လည်းကောင်း၊ စာမျက်နှာထက် မင် အကျအစက်တို့ဖြင့် ရေးသားမှုကို ကျင့်မိခဲ့ပါပြီ . . .။

ထိုထိုကျမ်းစု ဤမည်သော ရေးသားမှုကြောင့် မှန်သည်ကိုကား ဝန်ခံ၊ မမှန်သည်ကို ငြင်းဆန်ရခြင်းကြောင့်၊ မှန်သော စကားအရှိအရှိအတိုင်း ပြောကြားရခြင်းကြောင့် . . . ထိုငါသည် . . . ရလိုသော ဆု သစ္စာပြု၍ တောင်းပါ၏။

ထို ငါတောင်းလိုရာဆုသည်ကား . . . စာကိုလည်း ဖတ်အမြတ်ကိုလည်းရှာ ဘာသာကိုလည်း ယုံကြည်ကြပါကုန်သော အကြင်ဘုရားသားတော်၊ သမီးတော်အပေါင်းတို့သည် စာကိုရှုကြည့်လျက်က စာကပြောကြား သဘောတရားများကိုလည်း ကိုယ်ပိုင်ဉာဏ်သွင်း ရှင်းရှင်းလင်းဖြင့် ဘွင်းဘွင်းကြီးကြီးပေါက်

ထိုးဖောက်သိ သိကြပါစေကုန် ဟူ၍”. . . ဟူ၍လည်းကောင်း . . . ၊

“ငါတို့သည်ကား တောရပ်ကိုမှီ တောဝသီဖြင့် နေလေ့ရှိပါကုန်၏။ စာရေးရန် ဆန္ဒမရှိ။ ရေးနိုင်လောက်သော အင်အားလည်း မရှိ။ ရေးလည်း မရေးတတ်ခဲ့။ မရေးတတ်ဘဲ ဘာ့ကြောင့်ရေးသနည်း မေးစရာရှိ၏။

ဖြေရှင်းလိုသည်မှာ . . .

ငါတို့နှင့်ပတ်သက် စပ်ဆက်လျက်ရှိကြပါကုန်သော ဘုရားသားတော်၊ သမီးတော်များ သူတော်ကောင်းအစားစားတို့သည် မြို့ကိုလည်း မဝင်၊ ရွာတွင်လည်း မကပ်၊ ဟောပြောခြင်း ပြသခြင်းများကလည်း အလွန်ပြတ်လပ် သည်သို့သာ ကပ်လည်းမကပ်ပြတ်ကလည်းပြတ်ဖြင့် ရေးရာမမှု ဥပေက္ခာပြုထားချေသော်. . .

ငါတို့သည်လည်း သာသနာ့ဝန် တာဝန်မကျေရာ ရောက်တော့မည်။ သူတို့သည်လည်း ပစ္စည်းသာထောက် အားကိုးသလောက် ခရီးမရောက် ရှိချေတော့မည်။

ဤအချက်များသည် မတတ်ရာက မတတ်စာဖြင့် (ကပ်လာသူများအား ရေးပေးရာအတိုင်း အဖတ်ခိုင်းနေသော) ကိုင်းနှင့်ကျွန်း လွန်းပျံ၏ အချက်များတည်း။

ထိုသို့ ရေးသဖြင့် ခရီးသွားလာရာရှေ့ ခြေထိုးသဖွယ်ဖြစ်သော လူရှုပ်၊ လာဘ်ပေါ၊ ကျော်ဇော၊ ချွေရံ ဤလေးတန်တို့ကို



ငါတို့သည် မတောင့်တမိ။ တောင့်တမိသည်မှာ ငါတို့ ရေးသားပေးပို့ခဲ့သမျှ စာပေတို့ကို ဖတ်ကြားမိသူအားလုံး စာပေအက္ခရာများကို ဉာဏ်ဖြင့် ထိုးဖောက်၍ ထိုစာလုံးတို့နောက်ဝယ်ရှိ အယူအဆရေးရာ အဖြာဖြာတို့ကို သဘောပေါက်စေလိုခြင်းပင်။”. . . ဟူ၍လည်းကောင်း စေတနာတော်၊ ဆန္ဒတော်၊ အာသီသတော်တို့ကို ထုတ်ဖော်ရေးသားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ စကားနောက်မှာ တရားပါ ပါးလွှာဉာဏ်ဖြင့် ကြည့်တတ်သိတတ်ကြစေရန် ရည်သန်သမှုအာရုံပြုရေးသားတော်မူသော ကျမ်းဂန်များစွာတို့သည် . . . ငယ်၊ လတ်၊ ကြီးသွယ် အရွယ်သုံးပါးတို့နှင့် လိုက်ဖက်ညီစွာ လောက၊ ဓမ္မရသနှစ်ဖြာတို့ကို ရေးသားခြင်း၊ တရားလိုလား ယောဂီများအတွက် သဘောချင်းရှင်း ထင်းလင်းမြင်စေရန် ဝိပဿနာကျမ်းစာများကို စီရင်ရေးသားတော်မူခြင်း၊ **ရှေ့ကအတွေး နောက်လိုက်ရေး မနှေးလက်ရေးမူများစွာ ကျမ်းကထာ**တို့သည် “**သာသနာတော်၏ရေသောက်မြစ်သုံးသွယ်**”မှ အစပြု၍ “**ဘယ်လမ်းလိုက်ကြမလဲ**”ဒါန၊ သီလ၊ ဘာဝနာ ရိက္ခာထည့်သွား “**မဂ်လာရှိသော ခြေလှမ်းများ**” ဖြင့် “**အတားနှင့်အသွား**”ဘယ်လိုပင်များများ“**သည်အတိုင်းသာသွားလမ်းမမှား**”ဟု ညွှန်းဆိုတော်မူပြီး“**ဗောဓိအောင်နန်းမြန်းရာလမ်း**”သို့ အရောက်ပို့ဆောင်လျက် ရှိပါသည်။



ဤစာအုပ်သည် . . .

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒဖြင့် . . . ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကျမ်းကထာများထဲမှာ နေ့စဉ်သုံးဝတ်ရွတ်စဉ် ဘုရားရှိခိုး၊ ဆုတောင်း၊ မေတ္တာပို့ စသည်များကို “မင်းဘိသိက်ခံ ဝတ်ရွတ်စဉ်” ကျမ်းစာအုပ်အဖြစ် ထုတ်နုတ်ပူဇော်ထားပါသည်။ ထို့ပြင်. . . ဓမ္မစကြာ၊ မဟာသမယသုတ်၊ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာများဖြင့် တစ်နေ့တာပြုကျင့်ပုံ၊ ဆောင်ရွက်ရပုံများကို ဗုဒ္ဓဘာသာဝင်တို့ လွယ်ကူစွာသုံးစွဲနိုင်ရန် ဤ“**မင်းဘိသိက်ခံ ဝတ်ရွတ်စဉ်**” ကျမ်းစာအုပ်တွင် စုစည်းပူဇော်ထားပါသည်။

ဤစာအုပ်ဖြင့် . . .

**တာဝန်မဲ့ မသွားလိုသော ထေရ်အရှင်မြတ် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး** အား ဦးခိုက်ညွှတ်တွား ပူဇော်အပ်ပါသည်ဘုရား . . .။

ဦးတင်လျက် . . .

ရဲရင့်ဆွေ

မဟာမြိုင်စာပေ

မန္တလေးမြို့။

KoKo Latt(ShweMahar) မိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## ⁕ ဘုရားပေးသော မင်းဘိသိက် ⁕
## (ဘုရားသမိုင်းအကျဉ်း)

မင်းဘိသိက်ခံဘုရား၏ ခြေတော်ရင်းသို့ ဦးခိုက်ခိုလှုံ ကျင့်ကြံကြိုးကုတ် အားထုတ်လာကြသော ပုဂ္ဂိုလ်အသီးသီးတို့သည်. . .

၁။ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ပယ်သတ်နိုင်ပြီး အပါယ်လေးဘုံမှ လွတ်ကင်းသော် **သောတာပန်** ဟူသည့် အရိယာမင်း လောင်းအဖြစ် ဘိသိက်ခံယူနိုင်ခြင်း၊

၂။ ချစ်ခြင်း၊ မုန်းခြင်း၊ ဗျာပါဒနည်းဖြင့် ကာမ၊ ရာဂ တို့ကို လျော့ချနိုင်သော် **သကဒါဂါမ်** ဟူသည့် သူရဲကောင်း အဖြစ် ဘိသိက်ခံယူနိုင်ခြင်း။

၃။ ကာမ၊ ရာဂ၊ ဗျာပါဒတို့ကို အပြီးတိုင် ပယ်သတ်နိုင်သော် **အနာဂါမ်** ဟူသည့် အရိယာမင်းလောင်း အဖြစ် ဘိသိက်ခံယူနိုင်ခြင်း။

၄။ ဘဝ၊ မာန၊ အဝိဇ္ဇာ အရင်းထား၍ ကြွင်းကျန်သော ကိလေသာအားလုံးကို ပယ်သတ်နိုင်သော်ကား ဘဝ အားလုံး ဘုံသုံးပါးတွင် **ဘုရားရှင်**ကဲ့သို့လည်းကောင်း၊ **ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ** ကဲ့သို့လည်းကောင်း၊ **အရိယာမင်း လူစွမ်းကောင်း** စာရင်းဝင်များအဖြစ် ဘိသိက်ခံယူနိုင်ကြစေရန် ရည်သန်တော်မူ၍ မင်းဘိသိက်ခံဘုရား ဘွဲ့အမည် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

⁕



## မင်းဘိသက်ခံ ဘုရားသမိုင်း
## ရက်စွဲများ

| | |
|---|---|
| (၁) တည်နေရာဒေသ။ | ။ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဇာတိမြေ နတ်တလူသာသနာပြုစခမ်း။ |
| (၂) ဘုရားကုန်းမြေရွေးချယ် ။ | ။ ၁၃၅၉ ခုနှစ်၊တပေါင်းလဆန်း (၁၁) ရက်၊နံနက်(၈)နာရီ (၃၀)မိနစ်၊ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကပ္ပိယများ၏ လျှောက်ထားချက်အရ အတည်ပြုပေးတော်မူပါသည်။ |
| (၃) မြေသန့်မင်္ဂလာ ။ | ။ ၁၃၅၉ ခု၊တပေါင်းလဆန်း (၁၄) ရက်နေ့၊ ည(၈)နာရီ (တပေါင်းပွဲ) သံဃာ (၅၄)ပါးမှ မြေနှုတ်၊ မြေသန့် မင်္ဂလာပြုလုပ်။ |
| (၄) ပန္နက်တင်မင်္ဂလာ ။ | ။ ၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ နံနက်(၇)နာရီ ဇမ္ဗူဒီပနိမိတ္တနှင့်ညီသော နေ့သင့်နံသင့်လူပုဂ္ဂိုလ်များမှ ပန္နက်တော်တင် မင်္ဂလာကျင်းပ။ |



| | |
|---|---|
| (၅) အုတ်မြစ်စီမင်္ဂလာပွဲ ။ | ။ ၁၃၆၀ ပြည့်၊ တာကူးလပြည့်နေ့ နေ့(၁)နာရီအချိန် သက်တော်ရှည်ဆရာတော်ကြီးများ၊ တရားစခမ်းဝင် ယောဂီသူတော်စင်များမှ အုတ်မြစ်စီမင်္ဂလာပွဲ ကျင်းပ။ |
| (၆) ဌာပနာသွင်းပွဲ။ | ။ ၁၃၆၀ ပြည့်၊ကဆုန်လပြည့်နေ့ ဌာပနာများသွင်းတော်မူပါသည်။ |
| (၇) ဌာပနာသွင်းပွဲ။ | ။ ၁၃၆၀ ပြည့်၊ တပို့တွဲလပြည့်နေ့ အထက်ဌာပနာသွင်းတော်မူပါသည်။ |
| (၈) ထီးတော်တင်။ မင်္ဂလာပွဲ | ။ ၁၃၆၀ ပြည့်၊တပေါင်းလဆန်း(၁၄) ရက်နေ့ မြန်မာပြည်အရပ်ရပ်မှ နယ်သူ၊ နယ်သား၊ တိုင်းသား ပြည်သူ၊ များဗိုလ်လူအပေါင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ထီးတော်တင်မင်္ဂလာပွဲ ကျင်းပ။ |
| (၉) တပေါင်းပွဲတော်။ | ။ ၁၃၅၉နှစ်မှစ၍ မင်းဘိသိက်ခံဘုရား တပေါင်းပွဲတော်ကြီးကို (တပေါင်းလပြည့်နေ့) သံဃာ့ဒါန အလှူတော်အဖြစ် နှစ်စဉ်မပျက် ကျင်းပပူဇော်လျက်ရှိပါသည်။ |

⁕

## မင်းဘိသက်ခံ မော်ကွန်း

* မင်းဘိသိက်ခံ၊ တံဆိပ်နှံ့သား၊
ဉာဏ်တော်အဂ္ဂ၊ မဂ်ခဏဖြင့်၊
ဘဝ ကာမေ၊ အပါယေသို့၊
ခါချွေပို့တတ်၊ ကိလေဇာတ်ကို၊
ပိုင်းဖြတ်သုတ်သင်၊ အောင်ပွဲဆင်ကြောင့်၊
လူလျှင်စားစား၊ နတ်များစွာစွာ၊
ပြဟ္မာမင်းမင်း၊ ဘိသိက် နှင်းသည်၊
မင်းထက်မင်း၏ တံဆိပ်တော်။ ။

* ဝင်းအိဖိတ်လျှံ၊ ဂုဏ်ဟိတ်ခံသား၊
ကံ ဉာဏ် ဝီရ၊ မြတ်ထာမဖြင့်၊
ဒဿသုံးထွေ၊ ပါရမေသို့၊
ဖြာဝေညွှတ်တတ်၊ ခမ္မခါတ်ကို၊
မပြတ်ဖြည့်တင်း၊ ကျင့်စဉ်သွင်းကြောင့် . . .
ဘုန်းခင်းကလျှံ၊ ကံခင်းကဖြိုး၊
တန်ခိုးစုံစုံ၊ ဉာဏ်ဟုန်ချဉ်းချဉ်း၊ ကိုယ်သို့ဆင်းသည် . . .
ဝင်းလက်ခြင်း၏ အတိတ်တော်။ ။



* သွင်းနိမိတ်ဖန်၊ အဓိဋ္ဌာန်သား၊
ကံပေါ် ဉာဏ်ပွင့်၊ သမ္မာမြင့်သည့်၊
အကျင့်လမ်းသာ၊ နန်းမဟာသို့၊
လိုက်ပါလိုကုန်၊ များဗိုလ်ပုံအား . . .
ခိုလှုံခွင့်ပေး၊မင်းဖြစ်ရေးကို၊
ရှေ့ပြေးနိမိတ်၊ မင်းဘိသိက်က၊
ဒိဋ္ဌလည်းပြ၊ စိတ်ချလည်းယုံ၊
ဂုဏ်ဟိတ်လည်းချဉ်း၊ သွင်းဆက်နှင်းသည် . . .
လင်းထက်လင်း၏ နိမိတ်တော်။ ။

*



## မင်းဘိသက်ခံ ဆိုသည်မှာ

* ထုံးဖြူဖြူ ကုန်းကမူ အမောက်မှာကွဲ့၊
နှုန်းမတူ ဘုန်းတလူလူ တောက်ပါရဲ့၊
သုံးဆူမြောက်ပါတဲ့ ဘိသိက်ခံ။

* မာရ်ကိလေ လုံးစုံတိုက်ခိုက်ပြီးသည်ကြောင့်၊
အရဟံဇိနေ နှုန်းဂုဏ်ဆိုက်ဖို့တဲ့အပြင်၊
သုံးဘုံမကိုင်နှိုင်ဆိုတဲ့ ဟိတ်ကရံ။

* ဆုလိုလျှင် သူ့ကိုလျှင် ဦးခိုက်ကြပါတော့၊
ကုသိုလ်ရှင် သူ့လိုပင် အထူးပိုက်ရမှာမို့၊
ကူးလိုက်ကြ အဓိဋ္ဌာန်၊
စိတ်အကြံက မင်းဘွဲ့ညွှန်း . . .

* လောကုတ်ရဲ့လိုအင်၊
သဘောသရုပ်မှာ ဗိုလ်ယှဉ်လို့၊
နဂိုညဉ် ဖြိုဖျင်လို့သွားခဲ့လျှင်၊
သားတော်တို့ရေ . . .
တရားဓမ္မ အစစ်ကဖြင့်၊ ဆပ္ပွားပြ အသစ်သစ်တွေနဲ့၊
ဘုရားဖြစ် လှစ်မဲ့မော်ကွန်း . . .။

*

**မင်းဘိသက်ခံဆု**

* မင်းဘိသိက်ခံ၊ တံဆိပ်နှံ့သား၊
ဗိမ္ဗ ကိုယ်ပွား၊ ရှင်တော်အားလျှင်၊
ဝပ်တွားမပြတ်၊
ဆည်းကပ်ရိုသေ၊
တစ်တွေ ရေချမ်း၊ ဆီမီးပန်းနှင့်၊
ဆွမ်းဘောဇဉ်စု အာရုံပြု၍

* လှူဒါန်းမှုကံ အကြောင်းဖန်လျှက်
ပန်ဆင်ဆုခင်း၊ တောင်းခံခြင်းဖြင့် . . .
**မင်းဘိသိက်ခံ အဓိဋ္ဌာန်** . . .
- စိတ်ကြံအရှိ ပြည့်စေသော်၊
**မင်းဘိသိက်ကို အရိပ်ခို** . . .
- စိတ်ကိုရန်ဘေး အေးစေသော် . . .၊
**ဘိသိက်မှာတွင် သိက္ခာတင်** . . .
- ဝိဇ္ဇာအရှင် ဖြစ်စေသော် . . .။

*



**မဟာတောရကြီးဘုရားပင့်**

**စက္ကဝါဠ နဟုဒါက၊ ဒေဝါလိ ဂန္ဓ စုမ္ဗိသော။**
**ဗုဒ္ဓပါဒံ ပူဇောဌာတု၊ သီသေဒယာတိဂန္ဓဇော။**

**စက္ကဝါဠ နဟုဒါက**
**ဒေဝါလိ ဂန္ဓစုမ္ဗိသော**- စကြာဝဠာပေါင်း သောင်းလောကဓါတ် အရပ်ရပ်မှ နတ်နတ်တကာ ပြဟ္မာအားလုံး ပျားပိတုန်းတို့ စုရုံးရှင်လန်း စုပ်နမ်းရာလည်း ဖြစ်တော်မူထသော။
**အတိဂန္ဓဇော** - စက္ကဝါဠ အနန္တတိုင် မွှေးကြိုင်ကောင်းမွန် လွန်သောနံ့သာ ဖြစ်တော်မူထသော။
**ဗုဒ္ဓပါဒံ ပူဇော** - သတ္တဝါအများ အစားစားတို့ အားထားပူဇော်ရာ ဖြစ်တော်မူသော ဘုရားရှင်၏ ခြေတော်အစုံသည်၊
**မေ** - အကျွန်ုပ်၏။
**သီသေ** - မြတ်ရာထားတင် ဦးထိပ်ပြင်၌၊



**ဒယာ (ဒယာယ)** - ဤသတ္တဝါ ဆင်းရဲစွာကို ငါကယ်ချေမည် မှန်းရည်သနားသောအားဖြင့်၊
**ဌာတု (တိဋ္ဌတု)** - နိဗ္ဗာန်အမြတ် အငြိမ်းဓါတ်ဖြင့် ကိန်းဝပ်တည်နေတော်မူပါ မြတ်စွာဘုရား။

*

## မင်းဘိသက်ခံ ဂါထာတော်ကြီး

**ပဥ္စမာရေ ဇယေ ဇေဌ္ဌ၊ ဒမေ မေတ္တံစ သေနိယော၊**
**ဧဒိသော ဝေဒိတော လောကံ၊ မံ ဓာရေတု မင်းဘိသိက်ခံ။**

**ယော** - အကြင်ဘုရားမြတ်သည်၊
**ပဥ္စမာရေ** - ဒေဝ ပုတ္တ စသည်အပြား မာရ်ငါးပါးကို၊
**ဇယေ** - အောင်နိုင်တော်မူခြင်းကြောင့်၊
**ဇေဌ္ဌ** - လောကတွင် အမြတ်ဆုံးအကြီးဆုံးတည်း၊
**မင်းဘိသိက်ခံ** - လောကသုံးပါးတို့၏ ဦးအတိုက်ခံ မင်းအမှန်တည်း။
**သေနီ** - လာရောက်တိုက်ခိုက် ရန်စစ်သည် အမိုက်အားလုံးကိုလည်း၊
**မေတ္တံစ** - ဓားလှံမဖက် မေတ္တာတော် သက်သက်ဖြင့်သာ၊
**ဒမေ** - မီးလျှင်ရေသည်းနှိပ်နယ်နည်းဖြင့် ယဉ်ကျေးစွာဆုံးမတော်မူတတ်သောကြောင့်လည်း၊
**ဇေဌ္ဌ** - လောကတွင် အမြတ်ဆုံး အကြီးဆုံးတည်း၊
**မင်းဘိသိက်ခံ** - အောင်သူတကာတို့၏ထိပ် ဘိသိက်ခံခြင်းတည်း။



**လောကံ** - လောကသုံးပါး ရှိရှိသမျှ ဝေနေယျအစားစားများကိုလည်း၊
**ဧဒိသော** - ကိုယ်တော်နှင့်မခြား အလားတူစွာ၊
**ဝေဒိတော** - ကံအကျိုး ဈာန်အကျိုး ဉာဏ်အကျိုးနှင့် တန်ခိုးတေဇ ကျိုးဖလကို မျှတ တစေ ခံစားစေတော်မူပါ၍၊
**သော** - ထိုဘုရားမြတ်သည်၊
**မံ** - လောကဘုံရိပ် ဦးကင်းထိပ်ဝယ် ဘိသိက်ခံလိုစံစားလိုသော အကျွန်ုပ်ကို၊ **(ဝါ)**-လောကထိပ်တင် ဦးထိပ်ပြင်၌ ဘုရင်ဖြစ်လို မင်းဖြစ်လိုငြားအကျွန်ုပ်အား၊
**မင်းဘိသိက်ခံ** -ရေစင်သွန်းဖိတ် မှတ်တံဆိပ်ဖြင့် ခပ်နှိပ်ဖွဲ့မှန် မင်းဘိသိက်ခံအဖြစ်သို့၊ **(ဝါ)**-မှန်းရာကိစ္စ ဒိဋ္ဌ အောင်မြင် အောင်ပွဲဆင်အဖြစ်သို့၊
**ဓာရေတု** -တန်ခိုးတော်ဟုန် ဘုန်းတော်စုံဖြင့် လွှမ်းခြုံ ကူထောက် ချီးမြောက်ပေးသနားတော်မူပါ ဘုရား။

*



## တောင်းသင့်သောဆု

၁။ အပါယ်လေးတန် လားရန်အချက် ကံကျူးကံကွက်
ကံပျက်ကိုဆီး ကံမီးကိုတား ကျင့်သောအားကြောင့်
မလားဆင်းရဲ မစွဲရောဂါ ကင်းစင်ကွာလျက်
ဝိဇ္ဇာသိပ္ပ ဌာနနှစ်စုံ မြတ်မွေဟုန်ကို
မြင်ရုံကြားရုံ မှတ်သားရုံဖြင့် ကုံလုံပြည့်မောက်
လျှမ်းလျှမ်းတောက်သည်
အံ့လောက်တစ်ပါး ဖြစ်စေသောဝ် . . .။

၂။ အမျိုးကောင်းသား ယောကျ်ားကောင်းစစ် ဆက်တိုက်ဖြစ်၍
အပြစ်ကင်းစင် သန့်ပြန့်အင်ကြောင့်
မဝင်ရန်မျိုး မတိုးကိလေ မတွေစိတ်ကောင်း
သုံးစုံဆောင်း၍ တောင်းရန်မပျက် ဆုပန်ကြက်ကား
သက်ရှည်ဆင်းလှ ချမ်းသာရနှင့် ဗလအားပြင်း
ထိုးထွင်းသောဉာဏ် လေးတန်သောစက် ထုံးမပျက်သည်
ဘုန်းစက်အာဏာ တည်စေသောဝ် . . .။

၃။ ဘုန်းသမ္ဘာနှင့် ပညာလည်းရှိ ခနပြည့်လျှက်
ဖြည့်စွက်ဒါန သီလမကွာ မျှသိက္ခာဖြင့်
ပါရမီသုံးဆယ် ကျင့်သုံးဖွယ်ကို

အရွယ်သုံးပါး ကွာခြားပြတ်လပ် မရှိအပ်ပဲ
ဖြောင့်မတ်ဝတ်ထုံး ငါကျင့်သုံးမည် အဆုံးနိဗ္ဗာန်
တိုင်အောင်သော် . . .။

၄။ လူနတ်တန်ဆောင် ငါးမာန်အောင်သား
ဘုန်းခေါင်သကျ မြတ်ဇိနကို
ထက်လှစေတနာ ကံသုံးဖြာဖြင့်
မကွာရိုကျိုး လက်စုံမိုး၍
ရှိခိုးပါငြား အကျိုးအားကြောင့်
ဘုရားကစ ပစ္စေကနှင့်
များလှရဟန္တာ အရိယာတို့
စံရာကိန်းဝပ် အငြိမ်းခါတ်သည်
တပ်အပ်ငါလျှင် မြင်စေသော် . . .။

*



**မင်းဘိသိက်ခံ ဘုရားရှိခိုး**

* အစိန္တေယျ အပ္ပမေယျ
ဇေဋ္ဌ သေဋ္ဌ
အနန္တကံ အနန္တဉာဏ်
အနန္တဘုန်းလျှံ အနန္တတန်ခိုးဈာန်
ဖြိုးဖြိုးလျှံကြွ ဝိုင်းရံခဖြင့်
နှိုင်းမရတူ ဘက်မပြုကြောင့် . . .

* လူအမင်းမင်း နတ်မင်းမကွာ
ပြဟ္မာမကြွင်း အမင်းမင်းတို့
ဝပ်စင်းကော်ရော်
ဖူးမျှော်မာန်ချ ဦးခိုက်ရသည့်
သကျနွယ်ဖွား ရှင်တော်မြတ်ဘုရား။

* ရှင်ပင်ဘုရား စိုးပိုင်ထားသော
တရားမကိုဋ် မင်းယဉ်ပိုက်၏
အရိုက်အရာ ဆက်ခံသာဖို့
အာဏာတော်စု မိန့်ခွင့်ပြုသည့်
ဓာတုဓမ္မ ဥဒ္ဒိဿနှင့်
ဘောဂသညီ မွေသရီတို့
ကိန်းတည်နာမ်ချဉ်း



ဓာတ်သက်နှင်းကြောင့်
မင်းဘိသိက်ခံ နာမံထင်ရှား
ရှင့်ကိုယ်ပွားအား
ကျွန်ကားခိုလုံ ဆယ်ဖြာရုံလျက်
ဆယ်စုံဒါန ဆယ်သီလဖြင့်
ဦးချမာန်ခွာ ကန်တော့ပါ၏။

* တစ်ဖြာပိုင်းခြား တွဲဘက်အားဖြင့် . . .
ဆပွားကြည်ယုံ သဒ္ဓါထုံလျက်
ဆယ်စုံဌာန ဆယ်ဝရသို့
စိတ်မှမကွာ ဆုပန်ပါ၏။

* ဆယ်ဖြာအထု ဤကောင်းမှုဖြင့်
တောင်းဆုမွေခံ မြတ်ဆုပန်ကား . . .
ကြံတိုင်းလျှင်အောင်
ဆောင်တိုင်းလျှင်ပြီး
ဆောင်းရွှေထီးနှင့်
ပြည်ကြီးနိဗ္ဗာန် ဘိသိက်ခံသည်
စိတ်ကြံလျှင်ဆော ပြည့်စေသော -
သဗ္ဗညုမြတ်ရှင်စော
သြကာသ . သြကာသ . သြကာသ။ ။

*

## သတ္တဋ္ဌာန ဘုရားရှိခိုး

၁။ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်ဝယ်၊ စွဲကိုင်လက်နက်၊ ဉာဏ်ဓားမင်ဖြင့်၊ ပယ်ဖျက်ရန်မီး၊ ကိုယ်တွက်ငြီးလည်း၊ ခရီးမဆက်၊ ခုနှစ်ရက်သား၊ သမီးများကို၊ သနားငဲ့မျှ၊ လေးဆယ့်ကိုးဖြင့်၊ ကြိုးရင်းဖွေကျန်၊ မျှော်ဓိဋ္ဌာန်သည်၊ နိဗ္ဗာန်ကူးတို့၊ ပို့ရန်ပါဘုရား။

၂။ ကဆုန်လပြည့်၊ ညအလှည့်၌၊ ဗောဓိမဏ္ဍလ၊ ပလ္လင် မဝယ်၊ မျှသတ္တာဟံ၊ စိုးပိုက်စံလျက်၊ လောမံပဋ္ဌိ၊ စက်လှည့်စက်ပြတ်၊ သမုပ္ပာဒ်ကို၊ သုံးသပ်ဆင်ခြင်၊ ဉာဏ်သက်ဝင်သည်၊ များဖြင် လူနတ်၊ လွတ်ရန်ပါဘုရား။

၃။ ဒုတိယတွင်၊ ပလ္လင်ထက်မှ၊ သက်ကြွတုံဘိ၊ အနိမိသံ၊ ကုန်းဗွေယံမှ၊ ငါးမာရ်အောင်မြင်၊ ခဲ့ပလ္လင်ကို၊ မျက်ရှင်မမှိတ်၊ ဘုန်းလျှံဖိတ်၍၊ ဖိုလ်စိတ်ရည်ရော်၊ ရပ်တန့်မျှော်သည်၊ ဉာဏ်တော်သီရိ၊ ပြည့်ရန်ပါဘုရား။



၄။ ကုန်းမြေမှသက်၊ ရွှေညောင်ဘက်သို့၊ ဖြန့်ကျက်စက်ခန်း၊ ညာလှမ်းဘယ်ထောက်၊ လူးတုံ့ခေါက်လျက်၊ ရှေ့နောက်ရပ်ခြား၊ စင်္ကြံသွားသော်၊ ဖဝါးမှာပြင်၊ ကြာမျိုးယှဉ်ကာ၊ ဝန်းကျင်ပျံ့ထွက်၊ ရနံ့သက်သည်၊ ဘုန်းစက်သောင်းလုံး၊ ဖုံးရန်ပါဘုရား။

၅။ လေးကြိမ်ပြည့်ကား၊ ဗောဓိမှထောက်၊ နတ်ဖန်ဆောက်သည့်၊ အနောက်မြောက်ခွင်၊ ရွှေအိမ်ပြင်ဝယ်၊ ခဲအင်လှစွာ၊ ဘိဓမ္မာကို၊ စိတ်ဖြာခွဲခြမ်း၊ မွေ့နှောက်ဖမ်းလျက်၊ ဉာဏ်စွမ်းကွန့်လူး၊ ရောင်တော်မြူးသည်၊ ဆည်းပူးငုံစွင့်၊ ပွင့်ရန်ပါဘုရား။

၆။ ပဉ္စမကား၊ အဇပါလ၊ ညောင်ပင်လှတွင်၊ ရာဂ ရတီ၊ တဏှာမည်သား၊ ညီမများ၏၊ လှည့်စားရမ္မက်၊ မာယာစက်ကို၊ ပယ်ဖျက်ရှုတ်ချ၊ ဘေးသို့ပ၍၊ အေးမြစျာန်ယာဉ်၊ မြန်တပ်ဆင်သည်၊ မဂ္ဂင်ဖောင်စက်၊ ထွက်ရန်ပါဘုရား။

၇။ ခြောက်ကြိမ်လှည့်ကား၊ ဗောဓိမှမျှောင်၊ အရှေ့တောင်၏၊ ရောင်ဝေခက်ပြိုင်၊ ကျီးပင်အိုင်ဝယ်၊ ဖြိုင်ဖြိုင်မိုးသား၊



သွန်းချဉြားက၊ နဂါးဒေဝါ ၊ ပါးပျဉ်းကာလျက်၊ ခွေမှာပလ္လင်၊ ရွေးကောက်တင်သည်၊ ရှင်ပင်ဘုန်းမောက်၊ တောက်ရန်ပါဘုရား . . . ။

၈။ ခုနှစ်ကြိမ်မြောက်၊ နောက်ဆုံးသတ္တာဟ၊ ရောက်ကာလကား၊ မှဗောဓိဝန်း၊ တောင်ရပ်စွန်းတွင်၊ လင်းလွန်းမြည်ို၊ ပင်ရိပ်ခိုလျက်၊ ဗြဟ္မစိုရ်လေးစုံ၊ တရားထုံ၍၊ သုံးဘုံသောင်းထိုက်၊ ရွှေရင်ပိုက်သည်၊ အမြိုက်ရေအေး၊ ပေးရန်ပါဘုရား။

၉။ လေးဆယ့်ကိုးဟု၊ ပြုရိုးဓိဋ္ဌာန်၊ ဘိသိက်ခံပြီး၊ လမ်းမှန်ခမ္မစက်၊ ဟောခြွေမြွက်ဖို့၊ ဝဂ္ဂီပဉ္စ၊ စံဋ္ဌာန၏၊ မိဂဒါဝုန်၊ တောရိပ်မြုံသို့၊ ရဂုံလမ်းမှ၊ လှမ်းသက်ကြွသည်၊ ကမ်းမှကူးတို့၊ ပို့ရန်ပါဘုရား။

၁၀။ ခုနှစ်ရက်ထား၊ သမီးသားဆို၊ ငါ့ဖို့ကိုပင်၊ ရှုမြော်မြင်လျက်၊ ဝင်ရာဓိဋ္ဌာန်၊ အောင်မြေမှန်အား၊ ရည်သန်ညွှန်းဆု၊ အာရုံပြု၍၊ ဆယ်စုလက်ယှက်၊ ဦးထိပ်ရွက်ကာ၊ပေးဆက်ပန်ထွာ၊ မာန်ချပါသည်၊ စကြာယာဉ်ထက်၊ တက်ရန်ပါဘုရား။

*

## ဗုဒ္ဓဂုဏ်ရည် မှန်းကာရည်
## ယုံကြည်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား

ငါလျှင်ကိုးစား ထိုဘုရားကား . . .

ငါးပါးစွန့်ခြင်း ဖြည့်တင်းသုံးဆယ် သုံးသွယ်ဆင့်နေ စရိယေကို သင်္ချေလေးဖြာ ကမ္ဘာတစ်သိန်း တွက်ကိန်းသင်္ချာ ထိုကာလရှိ ဘဝဖုံဖုံ ရုပ်နာမ်စုံဖြင့် ယုတ်ဂုဏ်ကိုမြှုပ် ငုတ်ဂုဏ်ကို လှန် အောင်ပွဲခံကြောင့်. . .။

### ၁။ ယော - အကြင်ဘုရားမြတ်သည်

**အရဟံ . . .** ပြာဟ္မာ နတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူ ထိုက်သောသူဟူသည့် အရဟံဂုဏ်ထူးကြီးကို ဆွတ်ခူးတော်မူလေပြီ။

**တံ . . .** ကိလေအချုပ် ခေါင်အအုပ်ကို ရှေ့မှခေါင်လုပ် ခေါင်ကနေ ဖြုတ်ချပြပါသော ထိုဘုရားမြတ်ကို၊

**အဟံ . . .** ကိလေညစ်စုတ် အမြစ်ပြုတ်တိ ပယ်နုတ်လိုလား တပည့်သားသည်၊

**ဝန္ဒာမိ . . .** ဂါရဝ နိဝါတဖြင့် ရှိမာနစုံ အကုန်နှိမ်ချ စမ်းရေစိမ် မြေပမာဏကဲ့သို့ အေးမြနူးစွာ ရှိခိုးကန်တော့ပါ၏ဘုရား။



### ၂။ ယော - အကြင်ဘုရားမြတ်သည်

**သမ္မာသမ္ဗုဒ္ဓေါ . . .** သစ္စာလေးတန် မဂ်လေးတန်ဖြင့် ဖောက်ပြန်မရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်းသိ သိသော သူဟူသော သမ္မာသမ္ဗုဒ္ဓ ဂုဏ်ထူးကြီးကိုလည်း တစ်ဦးတည်းပိုင် ဆွတ်ချိုင်စရာပင်မလို အလိုလို ရတော်မူလေပြီ၊

**တံ . . .** သိစရာမှန် မကျန်မကြွင်း အလုံးစုံ ကိုယ်ကိုယ်တိုင် ထိုးထွင်းသိ သိတော်မူ မြင်တော်မူပါသော ထိုဘုရားမြတ်ကို၊

**အဟံ. . .** သိစရာမှန် ဓမ္မက္ခန်ကို ဧကန်ဒက်ထိ ကိုယ်တိုင် သိ သိလိုလှပါသော ဘုရားတပည့်တော်သည်

**ဝန္ဒာမိ. . .** သုမေဓာ ဒီပင်ရှေ့ ကြာပန်းလှူဆုယူ ပွေ့ပမာ . . . လက်ဆယ်ဖြာ ကြာငုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား. . .။

### ၃။ ယော - အကြင်ဘုရားမြတ်သည်

**ဝိဇ္ဇာ စရဏ သမ္ပန္နော. . .** သိသလောက်ကျင့် ကျင့်သလောက်သိဖြင့် အသိနှင့်အကျင့် အဆင့်ဆင့်ဖွင့် အဆင့်ဆင့်ပင် ပွင့်နေသူ ဟူသော ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်ထူးကြီးကိုလည်း ဖြည့်ဆည်းပြီးတုံ ပါရမီဟုန်တို့ကြောင့် အစုံအစုံဆိုက် အလိုလိုပင် သိမ်းပိုက်တော်မူလေပြီ၊

**တံ . . .** သိတိုင်းကျင့်၍ ကျင့်တိုင်းလျှင် သိတော်မူ မြင်တော်မူပါသော ထိုဘုရားမြတ်ကို၊



**အဟံ . . .** သိတိုင်းလည်းမကျင့် ကျင့်တိုင်းလည်းမသိ ဖြစ်နေပါသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** ကုမုဒြာ ရွှေကြာပွင့်ပုံ ဆယ်ချောင်းရုံလျက် ကြည်ယုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

### ၄။ ယော - အကြင်ဘုရားမြတ်သည်

**သုဂတော . . .** ကောင်းသော စကားကိုသာ ပြောဟော၍ ကောင်းသော နိဗ္ဗာန်သို့သာ ကြွသွားနေသူ ဟူသော သုဂတံ ဂုဏ်ထူးကြီးကိုလည်း ကြုံဖူးကြားဖူး နာခံဖူးသမျှ လူ နတ် ဗြဟ္မာ သတ္တဝါတို့ လောက အောချ၍မကုန်နိုင် ဘဝဂ်အထိ ကြိုင်လှိုင်တော်မူလေပြီ၊

**တံ. . .** အကျိုးများ၍ ကိုးစားထိုက်ရာကိုသာ ဆိုတတ်သော ထိုဘုရားမြတ်ကို၊

**အဟံ. . .** အတွေးဇော အငေးဇော အပြေးဇောကျ ပြောမိ ပြောရာမျှပြောနေမိပါသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** ခေတ်ခေတ်ချင်းကပ် အယုတ်ခေတ်ကို အမြတ်ဖြင့် ဖြတ်သောအားဖြင့် ဝပ်တွားပန်တွာ ရှိခိုးကန်တော့ပါ၏ဘုရား။

### ၅။ ယော - အကြင်ဘုရားမြတ်သည်

**လောကဝိဒူ . . .** သတ္တ သင်္ခါရ ဩကာသ လောကကိုလည်းကောင်း၊ ကာမ ရူပ အရူပ လောကကိုလည်းကောင်း၊ ပုထုဇဉ် သေက္ခ အသေက္ခ လောကကိုလည်းကောင်း၊ ကိလေသ ခန္ဓာ ဓာတု နိဗ္ဗာန လောက ကိုလည်းကောင်း၊ ရှိရှိသမျှ လောကဆုံပြင် ကုန်အစင်ကို စုံလင်ကျန ဟောဖော်ပြသဖြင့် လောကပညာရှိကြီးဟူသော လောကဝိဒူ ဂုဏ်ထူးကြီးကိုလည်း တုန်ဟီးရိုက်ချိုးန်း တစ်လောက လုံးအတိ အုံးအုံးကျွက်ကျွက် တစ်ခဲနက်ဖြစ်စေခဲ့လေပြီ၊

**တံ . . .** လောကအကြောင်း ကောင်းကောင်းသိတတ်ထိုဘုရားမြတ်ကို၊

**အဟံ . . .** ခန္ဓာဖြစ်ကြောင်း ကိုယ့်အကြောင်း ကိုယ်မှကောင်းကောင်းမမိ၊ မတတ် မသိသေးသော ဘုရားတပည့်တော်သည်၊

**ဝန္ဒမိ . . .** တုယူအားကျ ရွှင်အားရဖြင့် ဝန်ချပန်ထွာ ရှိခိုးကန်တော့ပါ၏ဘုရား။

### ၆။ ယော - အကြင်ဘုရားမြတ်သည်

**အနုတ္တရော ပုရိသ ဒမ္မ သာရထိ. . .** မယဉ်ကျေးသူ နတ်၊ လူ၊ တိရစ္ဆာန် မိတ်ရန်အများ သတ္တဝါ အစားစားကို



သနားချင့်တွေး ဉာဏ်နုအေးဖြင့် သူ့အရေးရှုကြည့် ယဉ်ကျေးအောင်ပြုစုပေးသည့်အတွက်ကြောင့် အတုမရှိ ရထားထိန်းကြီးဟူသော ဂုဏ်ထူးကြီးကိုလည်း တုန်ဟီးရိုက်ချိုးန်း တစ်လောကလုံးအထိ အုံးအုံးကျွက်ကျွက်တစ်ခဲနက် ဖြစ်စေလေပြီ၊

**တံ . . .** ရထားထိန်းပမာ လိုရာရာခရီး အပြီးအစီးပို့ဆောင်တော်မူတတ်ပါသော ထိုဘုရားမြတ်ကို၊

**အဟံ . . .** ကိုယ့်ကိုယ်ကိုတောင် ယဉ်ကျေးအောင် မစွမ်းဆောင်နိုင်သေးသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** အတုမဲ့ခါတ် စိတ်ဝယ်ကပ်၍ တံ့ဝပ်ပန်ထွာ ရှိခိုးကန်တော့ပါ၏ဘုရား။

### ၇။ ယော - အကြင်ဘုရားမြတ်သည်

**သတ္ထာဒေဝ မနုဿာနံ. . .** နတ်နှင့်လူ အများ သံသရာခရီးသွားများကို မမှားသောလမ်း မပန်းခရီး ကြီးမားအမြတ်ဦးဆောင်ကောင်းအဖြစ်ဖြင့် ဆောင်ကြဉ်းပေးတတ်ပါသောကြောင့် ကုန်သည်အများ ခရီးသွားတို့၏ ရှေ့သွားဦးစီးခေါင်းဆောင်ကြီးဟူသော သတ္ထာဒေဝ မနုဿာနံ ဂုဏ်ထူးကြီးကိုလည်း တုန်ဟီးရိုက်ချိုးန်း တစ်လောကလုံးအထိ အုံးအုံးကျွက်ကျွက် တစ်ခဲနက်ဖြစ်စေခဲ့လေပြီ၊

**တံ. . .** ကုန်သည် အသေးအကြီးများ၏ လှည်းဦးစီးအလား



ရှေ့သွားတစ်ဆူ ဖြစ်တော်မူပါသော ထိုဘုရားမြတ်ကို၊

**အဟံ . . .** ကြံလိုက်တိုင်းမှော ပြောလိုက်တိုင်း, ယုတ်လုပ်လိုက်တိုင်းဆုံး တရုန်းရုန်းပင် တစ်ဘဝပြီး တစ်ဘဝ အရှုံးပြီးအရှုံး ပြနေရပါသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** လမ်းပြ စကား စိတ်ဝယ်ထား၍ညွှတ်တွားပန်ထွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

### ၈။ ယော - အကြင်ဘုရားမြတ်သည်

**ဗုဒ္ဓေါ. . .** သစ္စာနှင့်စပ် အရပ်ရပ်ကို တပ်အပ်သေချာ သဗ္ဗညာဖြင့် သူတကာအတွက် အနာဝရဏဉာဏ် မိမိအတွက် ပစ္စဝေက္ခဏဉာဏ် ဇေကန်ဒက်ထိ အတွင်းသိ အစဉ်းသိ သိတော်မူမြင်တော် မူပါသောကြောင့် သူတကာအရှိ သစ္စာသိကို မိမိမြင်ဘိကိုယ်တိုင်သိသို့ ထိုးထွင်းသိ သိနိုင်သူဟူသော ဗုဒ္ဓဂုဏ်ထူးကြီးကိုလည်း တုန်ဟီးရိုက်ချိုးန်း တစ်လောကလုံးအထိ အုံးအုံးကျွက်ကျွက် တစ်ခဲနက် ဖြစ်စေခဲ့လေပြီ၊

**တံ. . .** သမ္မာသမ္ဗုဒ္ဓမှ ဗုဒ္ဓသို့ဆန် ဂုဏ်လျှံဖြင့် သူမတူတန်ဘွဲ့ခံထွန်းတပ် ထိုဘုရားမြတ်ကို၊

**အဟံ. . .** သစ္စာလေးချက် မဂ်ဆက်လေးစုံ ဖိုလ်လေးစုံထိ ပြည့်စုံရန်မျှော် ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** သစ္စ ကိစ္စ ကတဓာတ်မှန် စိတ်ဝယ်ခံလျက်

သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် ချဉ်းကပ်မကွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

## ၉။ ယော - အကြင်ဘုရားမြတ်သည်

**ဘဂဝါ. . .** ဣဿရိယ ဓမ္မယသ သိရီ ကာမ ပယတ္တ ဟူ ဘုန်းခြောက် ဆူဖြင့် လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာအဆုံး ထိုအားလုံးကို သိမ်းကြုံးပိုက်ထွေး အမြိုက်ဆေးများ တိုက်ကျွေး ကုသ သက်သာရာ ရ စေသောကြောင့် လောကထိပ်သီး ဘုန်းရှင် ကံရှင်ကြီး ဟူသော ဘဂဝါဂုဏ်ထူးကြီးကိုလည်း တုန်ဟီး ရိုက်ချုန်း တစ်လောကလုံးအထိ အုံးအုံးကျွက်ကျွက် တစ်ခဲနက် ဖြစ်စေခဲ့လေပြီ၊

**တံ. . .** ဘုန်းတော်ခြောက်တန် ကံအထပ်ထပ် ဉာဏ် အလျင်ထပ်သော ထိုဘုရားမြတ်ကို၊

**အဟံ. . .** ဘုန်းရိပ်ကိုခို ဘုံရိပ်ကိုဖျောက် ဘဝအား လုံးမှ လွတ်မြောက်လိုပါသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ . . .** သုမေဓာဒီပင်ရှေ့ ကြာပန်းလှူ ဆုယူပွေ့ပမာ လက်ဆယ်ဖြာ ကြာငုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဗုဒ္ဓဘုရား။

*



## ဓမ္မဂုဏ်ရည် မှန်းကာရည် ယုံကြည်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား

ငါလျှင်ကိုးစား ထိုဘုရား၏ ဟောကြားချက်မှန် ဓမ္မက္ခန်ကား ကိုယ့်ခန္ဓာလှည့် ကိုယ့်သတိဖြင့် ကြည့်ခြင်း၊ တည်ခြင်း၊ သိခြင်း သုံးဖြာ ကွင်းဆက်ပါလျက် ငါရှိ မရှိ မြဲ၏ မမြဲ မကောင်းဘဲလား ကောင်းဘဲလားနှင့် ပိုင်စားဘဝ ရမရပါ ကျနခဲ့ဝေ သိပိုင်စေ၏။

ကိုယ်နေရှုကွက် သတိစွက်၍ သိချက်အဖြေ ထုတ်ပြန်စေ သော်. . .

ဖြစ်နေပြီးနောက် အပျက်ဖောက်ကြောင့် ရိပ်ပျောက် ရွေ့ပျောက် တဖြောက်ဖြောက်သော နေပြောက်ပမာ ဤခန္ဓာ . . . ။

ဖြစ်လေအချက် အားကုန်တက်၍ အားပျက်ခဏ ပြန်လည်ကျ ဘင်္ဂအရာ ငါ့ခန္ဓာ. . . ။

ဖြစ်လေပျက်ရွေ့ ပေါ်သရွေ့တို့ အငွေ့မျှတုံ သဘောဂုဏ်မို့ ခိုလှုံမရ စိုးမရ အတ္တဗလာ ငါ့ခန္ဓာ. . . ။

မူရာလက္ခဏာ ကိုယ်ကာယက ဤမျှတိကျ သိရအဖြေ ထုတ်ပြချေလျှင် ယုံလေကိုယ်တွေ့ ဉာဏ်ကြည်မွေ့လျက် ရှေ့ရှေ့ ကိုသာ တိုးကြည့်ပါသော်၊ မီးစာလည်းပြောင် ဆီလည်းပြောင်နှင့် အမှောင်လည်းပျက် အလင်းလက်၍ စွဲမက်ပုဂ္ဂိုလ် သူ၊ ကိုယ်



အများ၊ အလိုလားလည်း ကွယ်ခြားခဏ ကင်းစင်ပ၏ စ-လယ် အဆုံး၊ သုံးပါးလုံးကောင်း ဂုဏ်ထူးဆောင်းဖြင့် ရောက်ကြောင်း ဓမ္မစက် ဤအချက်ကြောင့် . . .

**ဘဂဝတာ ဓမ္မော - ဘုရား တရားတော်သည်၊**

### ၁။ သွာက္ခာတော. . .

စ၊ လယ်အဆုံး သုံးပါးလုံးကောင်း သုံးချက်ဆောင်းဖြင့် တစ်ကြောင်းတည်းလမ်း မပန်းမယုတ် စွန်းငုတ်မကျ ပုဂ္ဂလမဖက် ဓမ္မသက်သက်မျှ ဟောဖော်ပြသော တရားတော်ပေကပဲ . . . ဟူသော သွာက္ခာတဂုဏ်ရောင် ဆောင်တော်မူလေပြီ။

### ၂။ သန္ဒိဋ္ဌိကော. . .

ကိုယ်တိုင်ကိုယ်ကျ ကိုယ့်ကာယရှိ ကိုယ့်ဉာဏ်စိဖြင့် ကြည့်ခွင့်ရ သိခွင့်ရ တရားတော်ပေကပဲ. . . ဟူသော သန္ဒိဋ္ဌိက ဂုဏ်ရောင်လည်း ဆောင်တော်မူလေပြီ။

### ၃။ အကာလိကော. . .

သမာဓိစခန်း၌ ဖြစ်ပျက်မြင်နှင့်သဒ္ဓါ၊ ဝိပဿနာဉာဏ် ပညာစခန်း၌ သဘောမြင်နှင့် သမ္မဇည၊ မဂ်စခန်း၌ကား သစ္စာ မြင်နှင့်ဖိုလ်အလာ. . . ထို သုံးဖြာတို့ မကွာလက်ငင်း၊ ချက်ချင်း မဆိုင်း ရှေ့နောက်ဆင့် အသင့်ပိုင်း၊ ပိုင်းပေးတတ်သဖြင့်၊ မဆိုင်း

ချက်ချင်း လက်ငင်းသိ သိခွင့်ရစေသော တရားတော်ပေကပဲ . . . ဟူသော သန္ဒိဋ္ဌိကဂုဏ်ရောင်လည်းဆောင်တော်မူလေပြီ။

**၄။ ဧဟိ ပဿိကော. . .**

အကျင့်မှအတည် အတည်မှအသိ သုံးချက်မိတိုင်း အသိတစ်ပေး အအေးတစ်မျိုး သည့်ထက်တိုးကြောင့် ရှေ့တိုးတိုးကြည့်လာလှည့် ရှုလှည့်ဟူ၍ ခေါ်နေသည့် တရားတော်ပေကပဲ. . . ဟူသော ဧဟိ ပဿိက ဂုဏ်ရောင်လည်း ဆောင်တော်မူလေပြီ။

**၅။ ဩပ နေယျိကော. . .**

သမာဓိခွင်၌ တဒင်္ဂပယ်အားဖြင့်လည်းကောင်း၊ ဝိပဿနာပညာဉာဏ်၌ ဝိက္ခမ္ဘနပယ်အားဖြင့်လည်းကောင်း၊ မဂ်စိတ် ခဏ၌ သမုစ္ဆေဒပယ်အားဖြင့်လည်းကောင်း၊ ကယ်ဆယ်မချို့ အေးထက်အေးရာသို့သာ ပို့ဆောင်ပေးတတ်သော တရားတော်ပေကပဲ . . . ဟူသော ဩပနေယျိက ဂုဏ်ရောင်လည်း ဆောင် တော်မူလေပြီ။

**၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ. . .**

လမ်းတစ်ကြောင်းတည်း တစ်ဖြောင့်တည်းရှိ ခရီးဆင့်ဆင့် ထီးဝင့်ဝင့်တွင် အကျင့်နှင့်အပွင့် ကိုယ်နှင့် သင့်သလောက်သာ ခံစားခွင့်သာစေသော တရားတော် ပေကပဲ. . . ဟူသော ပစ္စတ္တံ



ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်ရောင်လည်းဆောင်တော်မူလေပြီ။

**တံ** . . . အဖွင့်ဂုဏ်ကား အစထားတစ်ပါး၊ အကျင့်ဂုဏ်ကား အလယ်နေ လေးပါး၊ အပွင့်ဂုဏ်ကား အဆုံး လားတစ်ပါး ပေါင်းထားခြောက်စု ထိုတရားဂုဏ် အထု ကို. . .

**အဟံ** . . . နာခံအစ ကျင့်ခြင်းက အလယ်ပွင့်ခင်း လမ်းဆုံးဝိမုတ္တိအရသာအထိ ဖြည့်သုံး သုံးလိုလှပါသော ဘုရားတပည့်တော်သည်၊

**ဝန္ဒာမိ** . . . တရားအရှိ သူ့သတ္တိကို ယုံ၏ ရဲ၏ စွဲမြဲ၏များ၏သုံးပါးဖြင့် လားလားလိုလို အရိပ်ခိုလျက် ကြည်ညိုမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဓမ္မဘုရား. . .။

*



## သံဃာ့ဂုဏ်ရည် မှန်းကာရည်
## ယုံကြည်မြတ်နိုး လက်စုံမိုး ရှိခိုးပါ၏ဘုရား

ငါ့လျှင်ကိုးစား ထိုဘုရား၏ ကိုယ်ပွားအရာ များသံဃာလည်း သမ္မာ ပဋိပတ် အကျင့်မြတ်ကြောင့် စိတ်ဓာတ်ဆွတ်ဖြူ အယူ ဖြူကာ တူစွာလမ်းကြောင်း တစ်ပေါင်းတည်းထား အတူသွားဖြင့် တစ်သားတည်းကျ ဖ ဗုဒ္ဓသို့၊ ဒုက္ခလမ်းဆုံး၊ အလွတ်ရုန်းပြီး မဆုံး သေးချေ များဝေနေကို၊ ကယ်နေ ဆယ်နေ၊ စောင့်နေကမ်းဆိပ်၊ လက်ကမ်းချိတ်ကြောင့် . . .

**ဘဂဝတော သာဝကသံဃော** - ဘုရားရှင်၏တပည့်သား သံဃာသည်၊

**၁။ သုပ္ပဋိပန္နော. . .**

အကျင့်လမ်းကောင်း တစ်ကြောင်းတည်းထွက် တစ်ဆက်တည်းထား ဘုရားတပည့်သားများ ဟူသော သုပ္ပဋိပန္န ဂုဏ်ဖြင့် ပွင့်တော်မူကြလေပြီ။

**၂။ ဥဇုပ္ပဋိပန္နော. . .**

ငါ၊ သူ မဆင့် အကျင့်မမှောင့် တစ်ဖြောင့်တည်းတန်း တစ်လမ်းတည်းသွား ဘုရားတပည့်သားများ ဟူသော ဥဇုပ္ပဋိပန္န ဂုဏ်ဖြင့်လည်း မပွင့်စဖူး အပွင့်ထူးကြလေပြီ။

၃။ **ဉာဃပွဲဒိုပန္နော. . .**

နှလုံးသွင်းမှန် အရင်းခံဖြင့် ဉာဏ် ဉာဏ်ချင်းဆင့် အကျင့် အကျင့်ချင်းပွား တစ်စပ်တည်းထားသော ဘုရားတပည့်သားများ ဟူသော ဉာယပွဋ္ဋိပန္န ဂုဏ်ဖြင့်လည်း မပွင့်စဖူး အပွင့်ထူးကြလေပြီ။

၄။ **သာမိစိပွဋ္ဋိပန္နော. . .**

သဒ္ဓါအခံ ပညာဉာဏ်ဖြင့် အခံနှင့်အလှူ အယူနှင့်အပေး တစ်ပြေးတည်းထား ကျင့်လျက်က ပေးသွားသော ဘုရားတပည့် သားများဟူသော သာမိစိပွဋ္ဋိပန္န ဂုဏ်ဖြင့်လည်း မပွင့်စဖူး အပွင့် ထူး ကြလေပြီ။

ကျင့်၊ ဖြောင့်၊ မှန်၊ ဆိုက်၊ အကြင်လေးပါးသော ဥစ္စာသိုက် ကား. . . မင်္ဂဆိုက် ဖိုလ်ဝင် လေးဆင့်ရှင်ဘုရား သားယောကျ်ား ရှစ်ပါးတို့၏ အပိုင်ရမျှားဖြစ်ရာ ဘုရားတပည့်သား ထိုလေးစုံ ရှစ်ပါးသော အရိယာများသည် မျိုးပွား မြေကောင်း တစ်ဖွန်းကျ ကပင် တစ်ဘဝကောင်း ဆောင်းပေးနိုင်ကြသောကြောင့်. . .

၅။ အဝေးမှယူ ဆောင်လာ ပို့လာသော အလှူကိုလည်း ခံယူတော်မူထိုက်ကြလေပြီ. . .။

၆။ ဧည့်သည်ဖို့ယူ ဖွယ်ဖွယ်ရာရာသော အလှူကိုလည်း ခံယူတော်မူထိုက်ကြလေပြီ. . .။



၇။ စနစ်ကျနလှပကြည်ဖြူ မြတ်သောအလှူကိုလည်း ခံယူ တော်မူထိုက်ကြလေပြီ. . .။

၈။ ရိုသေတုပ်ကွ မြတ်နိုးစွာ ဦးချသည်ကိုမူလည်း ခံယူတော်မူ ထိုက်ကြလေပြီ. . .။

၉။ လောကတွက်တာ လယ်နှင့်ယာသို့ လိုရာအဝဝ ဝေနိုင်ငှနိုင် တော်မူကြလေပြီ. . .။

**အကြောင်းလေးမျိုး၊ အကျိုးငါးတွေ** ပွင့်သစ်ဝေကြောင့် တူလေ ကိုယ်ပွား ဘုရားရှင်နှင့် တစ်သားတည်း ဟူသော ဂုဏ်ဆင့်ကိုလည်း မပွင့်စဖူး အပွင့်ထူးခဲ့ကြလေပြီ။

**တံ** . . . ဘုရားအလား တစ်သားတည်းကျ ထိုသံဃကို. . .

**အဟံ**. . . အကျင့်ချင်းဆက် ဖဝါးသက်ဖြင့် တစ်ဖက်သို့မြန်း တစ်ကြောင်းလမ်းကို ဖြောင့်တန်းစွန့်စား သန်သန်သွားလိုလှပါ သော ဘုရားတပည့်တော်သည်

**ဝန္ဒာမိ** . . . ဘုရားအလား တစ်သားတည်းကျ အဝဝဂုဏ် အလုံးစုံကိုကြည်ယုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ သံဃဘုရား. . .။

*



**ပါဠိ ဖတ်နည်း**

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
**ရေးသားစီရင်တော်မူသည့်**

**"ဩကာသကန်တော့ခန်း"**

* (ပါဠိ) ဩကာသံ ဒေထ . . .
ဩကာသံ ဒေထ . . .
ဩကာသံ ဒေထ . . .

မယံ ဘန္တေ ဂါရဝေန၊ နိဝါတေန ဂုဏာရဟံ၊
ဝိသောဓေနေစ ယံ ဒေါသံ၊ ဗုဒ္ဓါဒီနံ ရတနာနံ၊
နိမ္မိတံဝါ အာစရိယံ၊ ဝန္ဒာမ သီရသာ ပုဗ္ဗာ၊
ခမထ ကတ ဒေါသမှာ၊ တေန ပုညေန အမှာကံ၊
သဗ္ဗံသုခံ ယံ ပုဥ္စန္တု၊ မုဥ္စန္တု သဗ္ဗဒုက္ခတော။ ။

**အနက်အဓိပ္ပါယ်**

**ဩကာသံ** -ရှိခိုးဝန်ချ ဂါရဝပြုခွင့်ကို၊
**ဒေထ** - ပေးသနားတော်မူကြပါကုန်ဘုရား. . . (၃-ကြိမ်)
**ဘန္တေ** - ကျေးဇူးသခင်အရှင်မြတ်ဘုရား၊
**မယံ** - ရတနာ့ဂုဏ် အမြတ်ဟုန်ကို ယုံကြည်မြတ်နိုး



အားကိုးလိုလှပါသော ဘုရားတပည့်တော်တို့သည်၊
**ဂါရဝေန** - ရိုသေသော အားဖြင့်လည်းကောင်း၊
**နိဝါတေန** - မာန်ချသော အားဖြင့်လည်းကောင်း၊
**ယံ ဒေါသံ** - စိတ်ဖြင့်ပြစ်မှား နှုတ်ပြစ်များနှင့် ပြစ်မှားကိုယ်လွန် အကြင်ဒေါသဝန်ကို၊
**ဝိသောဓေနေစ** - ဆေးကြောသုတ်သင်သော အားဖြင့် လည်းကောင်း ၊
**ဂုဏာရဟံ ဂုဏာရဟာနံ**-ဂုဏ်အားဖြင့်ပင် ရှိခိုးခြင်းငှာ ထိုက်ပါကုန်သော၊
**ဗုဒ္ဓါဒီနံ ရတနာနံဝါ** - ဘုရားအစထား ရတနာသုံးပါးတို့ကို လည်းကောင်း၊
**နိမ္မိတံဝါ အာစရိယံ** - ဘုရားတရားသံဃာ့ကိုယ်စား အရှင် ဆရာမြတ်ကိုလည်းကောင်း၊
**ပုဗ္ဗံ** - ကောင်းသောအမှု မပြုမှီ ရှေးဦးစွာ၊
**သီရသာ** - ဥက္ကောင်းရတနာ မြတ်အင်္ဂါဖြင့်၊
**ဝန္ဒာမ** - ဦးလျှင်နှိမ့်ချ ရှိခိုးကန်တော့ကြပါကုန်၏ဘုရား။
**တွံ** - အားလုံးကိုယ်စား အရှင်ဘုရားသည်
**အမှာကံ** - တပည့်တော်တို့အား၊



**ကတ ဒေါသမှာ**-ပြုပြီးအညစ် အားလုံးသော အပြစ်များမှ၊
**ခမထ** - သည်းခံကျေအေး လွတ်ငြိမ်းခွင့် ပေးသနား တော်မူပါကုန်ဘုရား၊
**တေနပုညေန**- ရှေ့ပြေးပြုရာ ထိုပဏာမ ဂါရဝကြောင့်၊
**အမှာကံ** - ဘုရားတပည့်တော်တို့အား၊
**သဗ္ဗံ** - အလုံးစုံသော၊
**ယံ သုခံ** - အကြင်ချမ်းသာမှုသည်၊
**ပုဥ္စန္တု** - ပြီးစီးပြည့်စုံပါစေသတည်း၊
**သဗ္ဗဒုက္ခတောပိ**- ဆင်းရဲအားလုံးမှလည်း၊
**မုဥ္စန္တု** - အားလုံးလွတ်မြောက် မှည့်တပေါက်မျှ မစွန်းငြိ ရပါစေသတည်း။

*

## သရဏဂုံသီလ ခံယူဆောက်တည်ပုံ

### ငါးပါးသီလ ဆောက်တည်ရန်

*** အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။**

*** (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)**

* **ဆရာပြောကြား သတိပေးစကား . . .**

- ယမဟံ ဝဒါမိ တံဝဒေထ

* **ဝန်ခံပြောကြား တပည့်စကား . . .**

- အာမ ဘန္တေ

* **ဘုရားရှင်အား အောင့်မေ့ပွား**

- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃) ခေါက် ။

* **သရဏဂုံ သုံးပါး ခံယူထား . . .**

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ



* (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)

* **ဆရာပြောကြား သတိပေးစကား . . .**

- တိသရဏ ဂမနံ မဟာပရိပုဏ္ဏံ

* **ဝန်ခံပြောကြား တပည့်စကား . . .**

- အာမ ဘန္တေ

**ငါးပါးသီလ ခံယူရန်**

(၁)ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ။

- **သူ၏အသက်သတ်ဖြတ်ချက်ဆက်ဆက်ရှောင်ကြဉ်ပါ။**

(၂)အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

- **သူပိုင်ဓန မခိုးရ တိကျ လိုက်နာပါ။**

(၃)ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

- **သူ့သားမယား ယွင်းဖောက်ပြား ပျော်ပါးရှောင်ကြဉ်ပါ။**

(၄)မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

- **ချွတ်ယွင်းစကား ထိုမုသား ပြောကြား ရှောင်ကြဉ်ပါ။**

(၅)သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

- **သောက်စားမူးမေ့ ထိုဝလေ့ ကွင်း၍ ရှောင်ကြဉ်ပါ။**



### ကုသိုလ်မြောက်ကြောင်း ကျင့်စဉ်ကောင်း ဆုတောင်းရယူပါ

(ပါဠိ) **ဣဒံ မေ ပုညံ စတုသစ္စာန ဝဗောဓေ နေတု။**

(အနက်) မေအမှာကံ - ဘုရားတပည့်တော်၊ တပည့်တော်မတို့၏

ဣဒံပုညံ - ယခုဆောက်တည်ရသော သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလကုသိုလ်သည်။

စတုသစ္စာနဝဗောဓေ - သစ္စာလေးပါး မှန်တရားကို ပိုင်းခြား ပြတ်ထင် ထိုးထွင်းသိမြင်ရာ၌

နေတု - ကူမချက်ချင်း ဆောင်ကြဉ်းနိုင်ပါစေသတည်း။

**ဆရာ့လက်သုံး နောက်ဆုံးစကား မြဲမှတ်ထား . . .**

(ပါဠိ) **တိသရဏေန သဟပဉ္စင်္ဂ သမန္နာဂတံ ဂရုဓမ္မနိစ္စသီလံ သာဓုကံ ကတွာ ဓမ္မံ အပ္ပမာဒေန သမ္ပာဒေထ။**

(အနက်) တိသရဏေန - သရဏဂုံသုံးပါးနှင့်၊
သဟ - တကွ၊
ပဉ္စင်္ဂသမန္နာဂတံ - အင်္ဂါ ငါးပါးနှင့်ပြည့်စုံသော၊
ဂရုဓမ္မနိစ္စသီလံ - အလေးအမြတ်ထားအပ်သော ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေအပ်သော၊ ကျင့်ဝတ်ကောင်းများကို၊
သာဓုကံ ကတွာ - ကောင်းစွာ ဖန်ဖန် ခံယူပြီးစီး၍
ဓမ္မံ - သရဏဂုံတင် သီလကို၊
အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ လေးဝသော သတိဖြင့်၊
သမ္ပာဒေထ - မချိုးမဖောက် မညှိုးမခြောက် မပျောက်ကြားရလေအောင် ကောင်းစွာဆောက်တည် စောင့်ထိန်းနိုင်ကြပါစေ။

*** တပည့်တော် ဝတ္တရား ကတိစကား . . .**

(ပါဠိ) **အာမဘန္တေ ။**
(အနက်) ဘန္တေ - အရှင်ဘုရား။



အာမ - အော် . . . အရှင်ဘုရား သတိပေးသော အတိုင်း အသက်ကဲ့သို့ သဘောထား၍ စောင့်ထိန်းပါမည်ဘုရား။ ။

(ငါးပါးသီလ ခံယူပုံ ပြီးပါပြီ)

*



## ရှစ်ပါးသီလ ဆောက်တည်ရန် . . .

*** အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။**

*** (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)**

- ယမဟံ ဝဒါမိ တံဝဒေထ။

- အာမ ဘန္တေ

- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) ခါက် ။

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

* (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)

- တိသရဏ ဂမနံ မဟာပရိပုဏ္ဏံ

- အာမ ဘန္တေ

## ရှစ်ပါးသီလ ခံယူရန်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ။
(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
- **မေထုန်မမြတ် ပြုတုံလတ် မပြတ်ရှောင်ကြဉ်ပါ**
(၄) မုသာဝါဒါ ဝေရမဏီ သက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၆) ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- **နေမွန်းတိမ်းလွဲ ညစာလဲ အမြဲရှောင်ကြဉ်ပါ**
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
- **ပွဲလမ်းသဘင် အလှပြင် ရှောင်ကြဉ်လိုက်နာပါ**
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
- **မြင့်မြတ်သဘော၊ ကော်ဇော မွေ့ယာ မနေပါ မြဲစွာ ရှောင်ကြဉ်ပါ**

- **ဣဒံ မေ ပုညံ စတုသစ္စာန ဝဟောမေ နေတု။**



(အနက်အဓိပ္ပါယ် ပြခဲ့ပြီးပါပြီ)

- **တိသရဏေန သဟ အဋ္ဌင်္ဂသမ္မန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ ဓမ္မံ အပ္ပမာဒေန သမ္ပာဒေထ။**

(ပါဠိ) **အာမဘန္တေ ။**

(ရှစ်ပါးသီလ ခံယူပုံ ပြီးပါပြီ)



## ကိုးပါးသီလ ဆောက်တည်ရန် . . .

- **အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမ္မန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။**

*** (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)**

- ယမဟံ ဝဒါမိ တံဝဒေထ။

- အာမ ဘန္တေ

- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) ခေါက် ။

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

* (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)
- တိသရဏ ဂမနံ မဟာပရိပုဏ္ဏံ

- အာမ ဘန္တေ

## ကိုးပါးသီလ ခံယူရန်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ။
(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ
ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။
(၆) ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၉) မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

- **မေတ္တာစိတ်ထား ကရုဏာပွား စိတ်ထားသန့်စင်နေပါမည်။**
- ဣဒံမေ ပုညံ စတုသစ္စာန ဝဗောဓေ နေတု

(အနက်အဓိပ္ပါယ် ပြခဲ့ပြီးပါပြီ)



- တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ ဓမ္မ အပ္ပမာဒေန သမ္ပာဒေထ။
- အာမ ဘန္တေ ။

(ကိုးပါးသီလ ခံယူပုံ ပြီးပါပြီ)



## ဆယ်ပါးသီလ ဆောက်တည်ရန် . . .

- **အဟံ ဘန္တေ တိသရဏေန သဟ ဒသ*(သာမဏေရ ပဗ္ဗဇ္ဇသီလံ) ဓမ္မယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။**

**⁎ (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)**

- ယမဟံ ဝဒါမိ တံဝဒေထ။
- အာမ ဘန္တေ
- နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) ခေါက် ။
- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

⁎ (ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်ဆိုရန်)

- တိသရဏ ဂမနံ မဟာပရိပုဏ္ဏံ
- အာမ ဘန္တေ

## ဆယ်ပါးသီလ ခံယူရန်

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာ ဒိယာမိ။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၁၀)ဇာတ ရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

* **ရွှေငွေဥစ္စာ ရတနာဖြင့် ရောင်းဝယ်မပြု ဝတ်လှ ပန်ဆင် သတိဝင် ဆင်ခြင်နေပါမည်။**



- တိသရဏေန သဟ ဒသ **သာမဏေရ ပဗ္ဗဇသီလံ** သာဓုကံ ကတွာ ခမ္မံ အပ္ပမာဒေန သမ္ပာဒေထ။

- အာမ ဘန္တေ ။

(ဆယ်ပါးသီလ ခံယူပုံ ပြီးပါပြီ)

မှတ်ချက်။ ။**သာမဏေရ ပဗ္ဗဇ္ဇသီလံ** - အစား **ဂဟဋ္ဌသီလံ** - ဟု တောင်းဆိုလေ



## ဘုရားထံ ဆွမ်းကပ်ပွဲဝင်ခြင်း

အရဟာတာဒိ နဝဂုဏေဟိ - အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမ္ပန္နာဂတံ - ပြည့်စုံတော်မူထသော၊ နာထံ-လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူထသော၊

ဗုဒ္ဓံ - သစ္စာလေးဆင့် လေးပွင့်မဂ်ဂါ ဖိုလ်အပါနှင့် အနာဝရဏ ဉာဏ်မြင်ဘုရားရှင်ကို၊ ဥဒ္ဒိဿ - ရည်မှတ်၍၊

ဣမံ ပိဏ္ဍပါတခါဒနိယ ဘောဇနိယံ -ဤဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်ယမကာ အဖြာဖြာကို၊ မယံ - သဒ္ဓါကြည်ဖြူ သူတော်ကောင်းအယူ ယူကြပါကုန်သော ဘုရားတပည့်တော်တို့သည်၊

ဒေမ-ကြည်သာရွှင်လန်း ဆက်ကပ်လှူဒါန်းကြပါကုန်၏ အရှင်ဘုရား၊

ပူဇေမ-ရှိခိုးကော်ရော် ပူဇော်ကြပါကုန်၏အရှင်ဘုရား၊ မေ အမှာကံ- ဘုရားတပည့်တော်တို့၏ ကောင်းမှုချက်သို မြတ်ကုသိုလ်သည်၊ အာသဝက္ခယံ- အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ခမ်းရာ ပိုင်းရာ ဖြတ်ရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို၊ ဝဟံဝဟန္တော-တွဲလျက်ကူးမြော် ရွက်ဆောင်နိုင်သည်၊ ဟောတု - စင်စစ်မသွေ ဖြစ်ပါစေသား အရှင်မြတ်ဘုရား။

## မိမိတို့ဆက်ကပ်လှူဒါန်းမည့် အလှူကို ထည့်သုံးရန်

*  ဣမံ ပိဏ္ဍ ပါတ ခါဒနိယ ဘောဇနိယံ -အစား . . .

၁။ ဣမံ ဝိဟာရံ - နေရာထိုင်ရာ သီတင်းသုံးရာ ကျောင်းတော်မဟာကို၊

၂။ ဣမံ စီဝရံ - မြဲမြံသည်းပန်း ဤသင်္ကန်းကို၊

၃။ ဣမံဘေသဇ္ဇံ - အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ ခန္ဓာပြုပြင်ရာ၏ တန်ဆာပလာဖြစ်သော ဤဆေးဝါး (ဓာတ်စာ)ကို၊

၄။ ဣမံ ပရိက္ခာရာရံ - ဤသာသနာ့အသုံးအဆောင်ပစ္စည်းများကို ဟူ၍အစားထိုး၍ ဆက်ကပ်လှူဒါန်းပါလေ။

## "တစ်ညနေချမ်း၏ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်ပွဲဝင်ခြင်း"

အရဟာတာဒိ နဝဂုဏောဟိ-အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမ္ဗုဒ္ဓာဂတံ-ပြည့်စုံတော်မူထသော၊ နာထံ-လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော၊ ဗုဒ္ဓံ- သစ္စာလေးဆင့် လေးပွင့်မဂ္ဂါ ဖိုလ်အပါနှင့် အနာဝရဏာဉာဏ်မြင် ဘုရားရှင်ကို၊ ဥဒ္ဒိဿ-ဂုတ်တော်အထူး မှန်းရည်စူး၍ . . .



- ဣမံ ပုပ္ဖံ - သင်းပျံ့ကြိုင်လှောင်း ပန်းအပေါင်းဖြင့် မကောင်းအနံ့ အညစ်ကန့်ကို ရပ်တန့်ရည်ရွယ် ဤပန်းအသွယ်သွယ်ကိုလည်းကောင်း၊

- ဣမံ ဂန္ဓ မဒနံ - မွှေးရနံ့အောင်း နံ့သာပျောင်းဖြင့် မကောင်းနံ့ညစ် အနိဋ္ဌစစ်ကို တားမြစ်ရာဖြစ်သော ဤနံ့သာတိုင်ကို လည်းကောင်း၊

- ဣမံ ဒီပဇာလံ - အမိုက်အမှောင်၊ အရောင်အဆင်းတောက်ပခြင်းဖြင့်၊ ထွန်းလင်းစေလျက်၊ ပယ်ဖျက်စေနိုင်သော ဤဆီမီးတိုင်ကို လည်းကောင်း၊

ဣမံ သီတောဒကံ - ကြည်အေးသန့်စင် ဤသောက်တော်ရေစင်သုံးတော်ရေစင်ကိုလည်းကောင်း၊

မယံ - သဒ္ဓါစိတ်ဖြူ သူတော်ကောင်းအယူ ယူကြပါကုန်သော ဘုရားတပည့်တော် (ဘုရားတပည့်တော်မ)တို့သည်၊

ဒေမ - ပုံတော်ကိုမှန်း ဆက်ကပ်လှူဒါန်းကြပါကုန်၏ဘုရား၊

ပူဇေမ - ဂုဏ်တော်ကိုရည် ပူဇော်ကြပါကုန်သည်ဘုရား၊

မေ အမှာကံ- ဘုရားတပည့်တော်တို့၏၊ ဣဒံ ပုညံ - ဤကောင်းမှုသည်၊ အာသဝက္ခယံ - အာသဝေါလေးခင်း ဖျက်ရှင်းစေတတ် မဂ်လေးရပ် ဖိုလ်လေးရပ်ကို၊ ဝဟံ ဝဟန္တော- ဆောင်ပို့နိုင်သော အထောက်အပံ့သည်၊ ဟောတု-ဧကန်စင်စစ် ဖြစ်ပါစေသား အရှင်မြတ်ဘုရား။

*



## "သံဃာ့ထံသို့ ကပ်ပွဲများဝင်ခြင်း"

သုပ္ပဋိပန္နတာဒိ နဝဂုဏေဟိ- သုပ္ပဋိပန် အရင်းခံသော ကိုးတန်သော ဂုဏ်တော်နှင့်၊ သမ္ဗုဒ္ဓာဂတံ- ပြည့်စုံတော်မူထသော၊

နာထံ- လူနတ်ပြဟ္မာ သတ္တဝါအများကို နည်းခံဆင့်ပွား မှီခိုအားထားရာဖြစ်သော၊

သံဃံ - ဘုရားရှင်နှင့် အမြင်တူ အကျင့်တူ ဆောက်တည်တော်မူကြပါကုန်သော မဂ်၌တည်သူလေးပါး ဖိုလ်၌တည်သူလေးပါး ပရမတ္ထသံဃာတော်များနှင့် ဝိပဿနာ၊ ဉာဏ်စဉ်ဝင်စ သီလဝန္တသံဃာတော်များကို၊

ဥဒ္ဒိဿ- ကိလေသာအဟုန် ရမက်စုံကို ဖယ်ခုန်ပေတတ် ဂုဏ်တော်မြတ်ကို ရည်မှတ်၍၊

** ဣမံ ပိဏ္ဍပါတခါဒနိယဘောဇနိယံ -ဤဆွမ်းခဲဘွယ် ဘောဇဉ်ချိုချဉ် ယမကာအဖြာဖြာကို

** (ကျောင်းစသည် လိုရာပြောင်းထည့်ပါ)

မယံ - သဒ္ဓါစိတ်ဖြူ သူတော်ကောင်းအယူ ယူကြပါကုန်သော ဘုရားတပည့်တော်/-မတို့သည်၊

ဒေမ- ပုံတော်သို့ကပ် လက်ရပ်သို့မူ ကပ်လှူကြပါကုန်၏၊

ပူဇေမ-ဂုဏ်တော်သို့မူ သဒ္ဓါစိတ်ဖြင့်သာ ပူဇော်ကြပါကုန်၏၊

မေအမှာကံ- ဘုရားတပည့်တော်တို့၏၊ ဣဒံ ပုညံ - ဤ
ကောင်းမှုသည်၊
အာသဝက္ခယံ - အာသဝေါခန်းရာ မဂ်လေးဖြာ ဖိုလ်လေးဖြာ နိဗ္ဗာန်ရတနာတည်းဟူသော ကိုးပါးသော ဓမ္မဓါတ်ကို၊ ဝဟံ ဝဟန္တော - ပို့ဆောင်ကပ်ချဉ်း ဆောင်နှင်းခြင်းသည်၊ ဟောတု- ဖြစ်ပါစေသား အရှင်မြတ်တို့ဘုရား။

*



**ဇာတိမြေ**
**ဥဒေ ယျာဓမ်ရွှေချက်သိုတံခွန်တိုင်ဘုရား အား**
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
**ကြီးမှူးဆောင်ရွက်တော်မူ၍**
**နောက်ပါရဟန်းသံဃာများ**
**အနေကဇာတင်တော်မူကြပုံ**

* * * * *

## ရှင်းလင်းဟောကြားခြင်း

တို့ ဒကာ- ဒကာမတွေ . . .

အနေကဇာတင်ပွဲရဲ့ လုပ်ထုံးလုပ်နည်းကို သဘောပေါက်အောင် ပထမဆုံးနာကြားကြပါ၊ အနေကဇာတင်ပွဲဆိုတာ ဘုရားရှင်ကို အသက်သွင်းတာ မဟုတ်ပါဘူး . . .

**အနေကဇာတင်ပွဲပြုလုပ်ခြင်းထုံးစံလေးတစ်ခု** - ဘုရားပရိနိဗ္ဗာန်စံပြီးနောက် ဖြစ်လာခဲ့တာလေးကို အရင်အာရုံပြုကြပါ။ သက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်(၄) နာရီအချိန်မှာ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်တော်မူပြီးတော့ (၄၅)ဝါ ကာလပတ်လုံး လောကအားလုံးမှာရှိတဲ့ ချွတ်ထိုက်တဲ့ပုဂ္ဂိုလ်များကို ချွတ်၍ အားလုံးသောပုဂ္ဂိုလ်တို့ကျွတ်ပြီးတဲ့အချိန်ကျတော့မှ ပရိနိဗ္ဗာန်စံဝင်တော်မူတယ်၊



ပရိနိဗ္ဗာန်စံတဲ့အချိန်က သက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဖြစ်ပါတယ်။ ဒီလို ပရိနိဗ္ဗာန်စံဝင်ပြီး တစ်လပြည့်တဲ့နေ့ နယုန်လပြည့်နေ့မှာ ဘုရားရှင်ရဲ့ဖွားဖက်တော်လည်းဖြစ်၊ ဘုရားရှင်ရဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရာလည်းဖြစ်တဲ့ ဗောဓိပင်ကြီးရဲ့ တောင်ကိုင်းဟာ လေမတိုက် မိုးမခဘဲ အလိုအလျောက် ကျိုးကျသွားခဲ့ပါတယ်။

ဗောဓိပင် ဖွားဖက်တော်ကြီး ကျိုးကျသွားတဲ့အချိန်က သာသနာမှာ အကြီးဆုံးအရှင်မြတ်ကြီးဟာ အရှင်မဟာကဿပ ကိုယ်တော်ကြီးဖြစ်ပါတယ်၊ ဗောဓိညောင်ကိုင်းတော် ကျိုးကျတာနဲ့ပတ်သက်ပြီး အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဆီမှာ လာပြီး လျှောက်ထားကြတယ်။

ဘုရားတပည့်တော်တို့ ဘာများလုပ်ကြရပါမတုံး . . . တဲ့။

ဒီတော့ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက -

ဗောဓိပင်ဆိုတာ ဘုရားရှင်ရဲ့ဖွားဖက်တော်လည်းဖြစ်၊ သဗ္ဗညုတရွှေဉာဏ်တော်ရရာဌာနလည်းဖြစ်လို့ ဘုရားရှင်နဲ့ အတူတူပဲတဲ့။ ဒါ့ကြောင့် အဲဒီကျိုးကျသွားတဲ့ ညောင်ကိုင်းကို ဘုရားကဲ့သို့ (ဘုရားဆင်းတုတော်)ထုလုပ်ပြီးတော့ ကိုးကွယ်ကြရမယ်လို့ အဖြေပေး အမိန့်ချလိုက်တယ်။

ဒီတော့ တိုတိုပြောကြပါစို့ရဲ့ . . .

ဘုရားရုပ်ပွားတော်များ ထုပြီးတဲ့အချိန်ကျတော့ ဒကာတွေကနေ အရှင်မဟာကဿပကိုယ်တော်ကြီး သွားလျှောက်တယ်။

“အရှင်ဘုရား . . . ဘုရားတော့ထုပြီးပါပြီ။ တပည့်တော်တို့ ဘယ်လိုများကိုးကွယ်ရပါ့မလဲ” . . . ပြီးတော့ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးက . . .

“ဘုရားပွင့်တုန်းက . . . ဘုရားဖြစ် ပွင့်တဲ့ အချိန်က . . . တဏှာကိုအောင်တဲ့အတွက်၊ အဝိဇ္ဇာကို အောင်တော်မူတဲ့အတွက် . . .

“အနေကဇာတိ သံသာရံ” . . . အစချီတဲ့ ဥဒါန်းကို ကျူးတော်မူတယ်။ ဒီတော့ တို့လည်းပဲ အဲဒီလို ဥဒါန်းကျူးပြီးတော့ ဘုရားအဖြစ် ပူဇော်အထူးပြုကြစို့ရဲ့ . . . လို့ အဖြေပေး မိန့်ကြားတော်မူခဲ့ပြန်ပါတယ်။ အဲဒီကစပြီး အနေကဇာတင်ပွဲဖြစ်လာခဲ့တာပါ။

**အနေကဇာတင်ပွဲမှာ ဘာတွေလုပ်ရသလဲဆိုတော့**

တို့ အဘဘုရားရှင်ဟာ သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့၊ နံနက်(၄)နာရီမှာ ဘုရားဖြစ် ပွင့်ပြီဆိုတော့ ဝေနေယျတွေကိုလည်းပဲ ငါကဲ့သို့ ပြီးအောင် မြောက်အောင် ဆောင်နိုင်အောင်ဆိုပြီး သတ္တဌာနစံတော်မူကာ အဓိဌာန်ဝင်တော်မူပါတယ်။ ဒါကိုဘဲ . . . သတ္တဌာနစံတော်မူခန်းလို့ဆိုပါတယ်။



အဲဒီ သတ္တဌာနစံတော်မူခန်းက ကဆုန်လပြည့်နေ့ကစရင် ဝါဆိုလဆန်း(၅)ရက်နေ့လောက်ကျမှ ပြီးပါလိမ့်မယ်။ တစ်ဌာနကို ခုနှစ်ရက်စီနဲ့ မြှောက်ကြည့်ပါ။ အဲဒီ ခုနှစ်ဌာနမှာ ဗောဓိပင်မှာ လပြည့်ကျော်တစ်ရက်နေ့နံနက် အာသဝက္ခယဉာဏ်တော်ရတဲ့အချိန် ဥဒါန်းကျူးတဲ့ . . . “အနေက ဇာတိ သံသာရံ”

“အဲဒီ ပထမပလ္လင်သတ္တာဟမှာပဲ နောက်ဆုံးရက်ဖြစ်တဲ့ အချိန်မှာ “ပဋိစ္စသမုပ္ပါဒ်အနုလုံပဋိလုံ”

တခါ “အနုလောမ ပဋိလောမ”ဒါတွေကို ဆင်ခြင်သုံးသပ်ပြီး ဥဒါန်းကျူးတော်မူခဲ့ပါတယ်။

ဒါ ပထမပလ္လင်သတ္တာဟမှာ ဘုရားရှင်ရဲ့ဆောင်ရွက်ချက်။အဲဒီပြီးတော့ ဒုတိယအကြိမ်အဖြစ်နဲ့ကတော့ ရတနာဃရ ရွှေအိမ် ဆိုတာ စတုတ္ထသတ္တာဟမှာ ရှိပါတယ်။

အဲဒီအချိန်မှာ အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်တော်မူတယ်။ ဒီလိုဆင်ခြင်ရင်း ပဋ္ဌာန်းကျမ်းရောက်ချိန်က ဘုရားရှင်ရဲ့ ဉာဏ်တော်ဟာ ကွန့်မြူးချင်တိုင်း ကွန့်မြူးလို့ရတဲ့အတွက် ရောင်ခြည်တော်များ ပေါ်ထွက်လာတာကို အကြောင်းပြုပြီးတော့ “ပဋ္ဌာန်းပါဠိတော်”ကို ရွတ်ရပါတယ်။

ဒါပြီးတော့ နောက်ဆုံးသတ္တာဟလို့ခေါ်တဲ့ နယုန်လပြည့်ကျော်(၁၃)ရက်နေ့လောက်ကစပြီး ဝါဆိုလဆန်း(၅)ရက်



(သို့မဟုတ်)(၆)ရက်နေ့လောက်အထိ အဲဒီအချိန်မှာ လင်းလွန်းဗောဓိပင်မှာ ဘုရားရှင်ဟာ ဝေနေယျအားလုံးတို့အပေါ် မေတ္တာပွား၊ ကရုဏာပွား၊ မုဒိတာပွား၊ ဥပေက္ခာပွား၊ ဗြဟ္မာ့ဝိဟာရနဲ့ နေတဲ့အချိန်ဖြစ်တယ်။ အဲဒီ မေတ္တာပွားမှုကိုလည်း အနေကဇာတင် အဖြစ်နဲ့ ခံယူပါတယ်။

အဲဒီ သတ္တမ သတ္တာဟ လင်းလွန်းဗောဓိပင်မှာ ဗြဟ္မာ့ဝိဟာရလေးပါးနဲ့နေတဲ့အချိန်မှာပဲ တို့မြန်မာပြည်ကနေပြီး အိန္ဒိယပြည်ကို ကုန်ရောင်း၊ ကုန်ဝယ်နဲ့သွားတဲ့ တဖုဿတို့၊ ဘလ္လိကတို့ ညီနောင်ဟာ ဘုရားရှင်ထံတော်မှောက်ရောက်၊ ပျားမုန့်ဆန်းကို လှူပြီးတဲ့အခါကျတော့ သရဏဂုံခံယူဆောက်တည်ပါတယ်ဗျာ၊ ဒီအချိန်မှာ ဘုရားရယ်၊ တရားရယ်၊ ရတနာနှစ်ပါးပဲရှိပါသေးတယ်၊ သံဃာဆိုသည်ကတော့ (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့ကျမှ ပေါ်မှာဖြစ်တဲ့အတွက် တဖုဿနဲ့ဘလ္လိကတို့ကို ဒေွဝါစိကသရဏဂုံ ချီးမြှောက်တော်မူပါတယ်။

တဖုဿနဲ့ ဘလ္လိကတို့ဟာ လူသားထဲက ပထမဆုံး ဒွေ့ဝါစိကသရဏဂုံတည်သူများပါပဲ။ အဲဒါကို အကြောင်းပြု၍ ဘုရားဂုဏ်တော်နဲ့တရားဂုဏ်တော်ကို ဥဒါန်းကျူးသောအားဖြင့် ရွတ်ဖတ်ပူဇော်သောအားဖြင့် အနေကဇာတင်မှုပြုရပါတယ်။

ဒါကြောင့် အနေကဇာတင်ရာမှာ သတ္တရာဌာန ခုနစ်ဌာနမှာ လုပ်ဆောင်ချက်အားလုံး အပြီးအစီး၊ အပြည့်အစုံပါဝင်

သွားတယ်။ ဒီလိုပြီးပြည့်စုံပြီဆိုတော့မှ ရှေးဘုရားရှင်တို့ အထွတ်အထိပ်သို့ရောက်သကဲ့သို့ ဂေါတမဘုရားရှင်လည်း အထွတ်အထိပ်သို့ ရောက်တော်မူပုံ အာရုံပြု၍ "ဇယန္တော ဗောဓိယာ မူလေ"နဲ့ သိမ်းပါတယ်။

အနေကဇာတင်ရာမှာ ဘာတွေဘယ်လိုပါဝင်စီစဉ်ရတယ်ဆိုတာ အဲဒီလိုသတ်မှတ်ရပါတယ်။

## အနေကဇာတင်ရခြင်း၏ယုံကြည်ချက်

ဒီတော့ တို့ဒကာ၊ ဒကာမတွေ သံဃာတော်အရှင်မြတ်များက "အနေက ဇာတိ သံသာရံ" အစချီပြီး ဘုရားအနေကဇာတင်တဲ့အခါ ဆိုလိုရင်းအဓိပ္ပါယ်ကိုပါ နားလည်ကြည်ညိုနှလုံးသွင်းဆင်ခြင်နိုင်ကြပါစေ၊ ပြီးတော့ ဘုရားရှင်ကိုယ်စား ဉဒါန်းကျူးပူဇော်ထားတဲ့ ဒီ "ရွှေချက်သိုတံခွန်တိုင်ဘုရား"ကိုလည်း သံဃာတော်တွေ အနေကဇာတင်သောအားဖြင့် ဘုရားအဖြစ်သို့ ရောက်ပြီလို့လည်း မှတ်ယူကြည်ညိုစေလိုပါတယ်။

ဒီတော့ "အနေက ဇာတိ သံသာရံ"ကစပြီး ကြည်ညိုကြရအောင်။

## ဘုရားရှင်ဉဒါန်းကျူးရင့်တော်မူပုံ

အနေက ဇာတိ သံသာရံ - ဆိုတာ ဘာပြောထားတာတုံး၊ ဘုရားရှင်က ဝမ်းသာလွန်းလို့ ကျူးရင့်လိုက်တဲ့ ဉဒါန်းတော်



လို့ဆိုပါသဗျာ၊ ဘာကို ကျူးထားသလဲဆိုတော့ လူ့ဘဝတွေ၊ နတ်ဘဝတွေ၊ ဗြဟ္မာဘဝတွေ၊ အပါယ်လေးဘုံဘဝတွေ အစရှိတဲ့ ဘဝများစွာကို ခန္ဓာအိမ်အဖြစ်နဲ့၊ တည်ဆောက်ထားခဲ့တဲ့ တဏှာယောကျာ်းကို မာန်လည်းမာန်၊ ဝေါက်လည်းဝေါက် ပြီးတော့ နှိပ်ကွပ်သောအားဖြင့် ဉဒါန်းကျူးတဲ့ဂါထာ၊ တဏှာယောကျာ်းဟဲ့ လက်သမားဆိုကာ တဏှာကို ပထမဦးဆုံး လှမ်းပြီးတော့ စိန်ခေါ်လိုက်တဲ့စကား။

သင့်လက်ချက်ကို ငါမသိသဖြင့် ဘဝများစွာ သံသရာများစွာ ကာလပတ်လုံး ဒုက္ခများစွာ၊ ဇာတိ အစရှိသော ဒုက္ခတွေကို အဖန်ဖန်ဆောက်ခဲ့တဲ့ ဘဝဆိုတဲ့အိမ်တွေကိုလည်း ငါမြင်နေပြီ၊ ဒါကြောင့်မို့ ခုချိန်ကစပြီး ငါ သင့်ကို ချိုးဖျက်လိုက်ပြီတဲ့၊ ပြီးတော့ အလုံးစုံကုန်သော သင့်ရဲ့ အသင်း အပင်း အခြေ၊ ဒိုင်း၊ မြားနဲ့တူတဲ့ ကိလေသာအားလုံးတို့ကိုလည်း ချိုးဖဲ့ပြီးပြီတဲ့၊ ဒါတွေ မကသေးဘူးတဲ့၊ သင့်အိမ်မှာ အထွတ်ကဲ့သို့တပ်ထားသော "အဝိဇ္ဇာ"တည်းဟူသော ကိလေသာကိုလည်း ငါ ချိုးဖဲ့ဖျက်ဆီးပြီး ပြီတဲ့၊ ဒါတွင်မကသေး တဏှာတို့ရဲ့ကုန်ခန်းရာ၊ ပြုပြင်မှုကင်းရာ နိဗ္ဗာန်သို့လည်း အာရုံပြုသောအားဖြင့် ရောက်ပြီတဲ့။

## အနေကဇာတင်တော်မူပုံ

ဒါဟာ"အနေကဇာတိသံသာရံ"အစချီတဲ့ ဂါထာဉဒါန်းတော်ရဲ့ အဓိပ္ပါယ်ပါပဲ၊ အဲဒီတော့ သံဃာတော် အရှင်ကောင်း



အရှင်မြတ်တို့ဘုရား၊ အခုအချိန်မှာဆိုရင် သက္ကရာဇ်(၁၀၃)ခုနှစ်တုန်းက အာသဝက္ခယဉာဏ်တော်နှင့်တကွ သဗ္ဗညုတဉာဏ်တော် အနာဝရဏဉာဏ်တော်ကို ရတော်မူသောအချိန် ဖြစ်ပါတယ်ဘုရား။

အဲဒီအချိန်နဲ့ချိန်ကိုက် အားဖြင့် အရှင်ဘုရားတို့ရဲ့ဦးထိပ်၌ ရောက်နေသောရွှေချက်သိုစေတီတော်ဘုရားကိုလည်းပဲ ဘုရားရှင်ရဲ့ကိုယ်စား အရှင်ဘုရားတို့က "အနေက ဇာတိ သံသာရံ" အစချီတဲ့ ဉဒါန်းဂါထာတော်ကို သုံးကြိမ်သုံးခါရွတ်ပွားပူဇော်ပြီး ဉဒါန်းကျူးကြပါစို့ဘုရား . . . . .

## ဉဒါန်းကျူးဂါထာ

အနေက ဇာတိ သံသာရံ
သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရံ ဂဝေသန္တော
ဒုက္ခာဇာတိ ပုနပ္ပုနံ ။
ဂဟကာရက ဒိဋ္ဌောသိ
ပုန ဂေဟံ န ကာဟသိ
သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ
ဂဟ ကူဋံ ဝိသင်္ခတံ
ဝိသင်္ခါရ ဂတံ စိတ္တံ
တဏှာနံ ခယမဇ္ဈဂါ ။ . . . (၃)ကြိမ်

ဒီ ဥဒါန်းကျူးပြီး ပထမသတ္တာဟဖြစ်တဲ့ ဗောဓိပင်အောက်မှာ ဘုရားရှင်ခုနှစ်ရက်လုံးလုံး သီတင်းသုံးပါတယ်။ အဲဒီအပရာဇီတပလ္လင်ပေါ် သီတင်းသုံးရင်းနဲ့ အဝိဇ္ဇာ၊ တဏှာကိုအောင်တော်မူလို့ ငါတော့ဖြင့် ဘုရားအဖြစ်ပွင့်ခဲ့ပေပြီ။ ဒီ အဝိဇ္ဇာ၊ တဏှာဟာ သတ္တဝါတွေကို ဘယ်လိုလှည့်ပတ်နေသလဲဆိုတာ ဆက်ပြီး ဆင်ခြင်တော်မူပါတယ်။ အဲဒီမှာ သတ္တဝါအားလုံးတို့ကို အဝိဇ္ဇာကစပြီး ခြယ်လှယ်တယ်ဆိုတာ သွားတွေ့တယ်။ ဒါကြောင့် သတ္တဝါအစ အဝိဇ္ဇာကလို့လည်း ဆိုရပါတယ်။

ဒီ အဝိဇ္ဇာကို အကြောင်းခံအဖြစ်နဲ့ စဉ်းစားတော့ မသိမှုနဲ့ သင်္ခါရကို ပြုလုပ်တယ်။ တချို့ကျတော့လည်း ပုညာဘိသင်္ခါရ ဆိုတဲ့ ကောင်းမှုတွေ မသိမှုနဲ့တွဲလုပ်၊ တချို့ကျတော့လည်း ကောင်းတယ်ထင်ပြီး "အပုညာဘိသင်္ခါရ"တွေကို မသိမှုနဲ့တွဲလုပ်၊ တချို့ကျတော့လည်း မလှုပ်မရှက်တဲ့ အရူပဈာန် စိတ်နဲ့တူတဲ့ ကုသိုလ်ကောင်းမှုတွေကို အဝိဇ္ဇာနဲ့တွဲလုပ်တတ်ကြတယ်။ ဟုတ်ပြီ . . .

အဲဒီကနေ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုပြီး ပေါ်လာတယ်။ အဲဒီ ဝေဒနာပေါ်လာတော့ ဘာဖြစ်သလဲ၊ ခံစားရင်းနဲ့ တဏှာတွေ ပြန်ဖြစ်၊ တဏှာဖြစ်တော့ စွဲလမ်းမှုဥပါဒါန်၊ ဥပါဒါန်ဖြစ်တော့ အဲဒီစွဲလမ်းမှုအတိုင်း ဘဝတွေရပြီ၊ သောက၊ ပရိဒေဝ၊



ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အစရှိတဲ့ ဟာတွေ တစ်သီတစ်တန်းကြီးဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ်လို့ခေါ်တဲ့ စက်ရဟတ်လည်ပုံကို ဘုရားရှင်ဆင်ခြင်တော်မူပါတယ်။

အဲဒီလို ဆင်ခြင်တော်မူပြီးတာနဲ့ အမှန်ကိုအမှန်တိုင်း ထိုးထွင်းသိမြင်တော်မူတဲ့ ဉာဏ်ပညာရှိတဲ့အတွက် အဲဒီအချိန်မှာ ဥဒါန်းကျူးရင့်တော်မူပြန်ပါတယ်။ အဲဒီဥဒါန်းကျတော့ . . .

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယတော ဗြဟ္မဏဿ
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ပဇာနာတိ သဟေတု ဓမ္မံ ။

အဓိပ္ပါယ်ကတော့ . . .

အကြင်အခါမှာ ကြောင့်ကြစိုက်တဲ့ အာတာပ ဝီရိယယှဉ်လျက်က ဈာန်ဝင်စားလျက်က၊ မကောင်းမှုမှအပ ပြုပြီးသောသူအား ဒီပဋိစ္စသမုပ္ပါဒ်ရဲ့ အကြောင်းအကျိုးဆက်တရားတွေကို၊ ဉာဏ်ဝမှာ ထင်ရှားဖြစ်ပေါ်လာတယ်တဲ့၊ အဲဒီ ထင်ရှားဖြစ်ပေါ်လာတဲ့အခါ မကောင်းမှုမှအပ ပြုပြီးတဲ့ ပုဂ္ဂိုလ်အား အလုံးစုံသော ကုသိုလ်ကမ္မပဒတရား၊ အကုသိုလ်ကမ္မပဒတရားတို့ကို "ဝပယန္တိ" ဆိုတာ မှုတ်လွှင့်ပစ်လိုက်၏တဲ့။ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်သည်



အကြောင်းနှင့်တကွဖြစ်သော အကျိုးဆက်တို့၏ အခြင်းအရာအားလုံးကို သိပြီတဲ့၊ အဲဒီလို ဥဒါန်းကျူးပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ် အပေါင်းတို့ဘုရား . . .

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းကို ပထမဆုံးဆင်ခြင်၊ ဆင်ခြင်ပြီးတဲ့ကာလ အဲဒီ ပဋိစ္စသမုပ္ပါဒ်ရဲ့ အခြင်းအရာကို သေသေချာချာ၊ ဂဃနဏ၊ သိတော်မူတဲ့အတိုင်း "ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ" ကို ဥဒါန်းကျူးတော်မူပါတယ်ဘုရား။

အဲဒီလို ဘုရားရှင် ဥဒါန်းကျူးတဲ့အတိုင်း အခုလည်းပဲ အရှင်ဘုရားတို့သည် အရှင်ဘုရားတို့၏ ဦးထိပ်ထက်၌ တည်ထားလျက်ရှိသော "ရွှေချက်သိုစေတီတော်ကြီး"အား ဘုရားရှင်ရဲ့ ကိုယ်စား ပဋိစ္စသမုပ္ပါဒ် အနုလုံကို ရွတ်ပွားပူဇော်ကြပါစို့ဘုရား။

(အနုလုံ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ
ဝိညာဏပစ္စယာ နာမရူပံ
နာမရူပပစ္စယာ သဠာယတနံ
သဠာယတနပစ္စယာ ဖဿော
ဖဿပစ္စယာ ဝေဒနာ

ဝေဒနာပစ္စယာ တဏှာ
တဏှာပစ္စယာ ဥပါဒါနံ
ဥပါဒါနပစ္စယာ ဘဝေါ
ဘဝပစ္စယာ ဇာတိ
ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော
ဟောတိ။

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။
. . . . လို့ ဥဒါန်းကျူးတော် မူပြန်ပါတယ်။

ဒီ ဥဒါန်းကလည်း ခုနက ပြောခဲ့ကြတဲ့အတိုင်း အကြင်အခါမှာ ကြောင့်ကြစိုက်ထုတ်လျက် ဈာန်ကို ဝင်စားလျက်က မကောင်းမှုမှ အပပြုပြီးသော ပုဂ္ဂိုလ်အား ဒီ ပဋိစ္စသမုပ္ပါဒ်ရဲ့ ပြတ်ခြင်းရဲ့အကြောင်းတို့ဟာ ဉာဏ်ဝမှာ ထင်ရှားစွာဖြစ်ပေါ်လာကုန်၏တဲ့ . . . .

ဒါကြောင့် အဝိဇ္ဇာ၊ သင်္ခါရ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ ပုံတောင်းတို့၊ အကန့်တို့၊ ဒေါက်တို့ အဲဒီအားလုံးတွေကို ထွေးအန်



သွန်ပစ်လိုက်ပြီးတဲ့၊ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်သည် ကုန်ခန်းရာ အကြောင်းနှင့်တကွသော အရာတို့ကို သိပြီးလို့ ဥဒါန်းကျူးပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ်တို့ဘုရား . . .

ဘုရားရှင်ဟာ ပထမသတ္တာဟရဲ့ နောက်ဆုံးနေ့ ဒုတိယ အကြိမ် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တို့ရဲ့ ဖြတ်ပုံ ဖြတ်နည်း ကုန်ပုံ ကုန်နည်းတို့ကို ဆင်ခြင်၍ အရှိ၊ အရှိအတိုင်း သိသော အတိုင်း ဝမ်းသာလွန်းလို့ ဥဒါန်းကျူးခဲ့ပါတယ်ဘုရား။

ယခုလည်းပဲ အရှင်ဘုရားတို့ ဦးထိပ်ထက်၌ ရှိလျက်ရှိသော ရွှေချက်သိုဘုရားကို ဘုရားရှင်ကိုယ်စား ပဋိစ္စသမုပ္ပါဒ်ရဲ့ ပဋိလောမနည်းဖြင့် ဥဒါန်းကျူးပူဇော်ကြပါကုန်စို့ဘုရား . . .

(ပဋိလုံ) အဝိဇ္ဇာယတွေဝ -

အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော
ဝိညာဏ နိရောဓာ နာမရူပနိရောဓော
နာမရူပနိရောဓာ သဠာယတနနိရောဓော
သဠာယတနနိရောဓာ ဖဿနိရောဓော
ဖဿနိရောဓာ ဝေဒနာနိရောဓော
ဝေဒနာနိရောဓာ တဏှာနိရောဓော



တဏှာနိရောဓာ ဥပါဒါနနိရောဓော
ဥပါဒါနနိရောဓာ ဘဝနိရောဓော
ဘဝနိရောဓာ ဇာတိနိရောဓော
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ၊
ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော
ဟောတိ။

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ရဲ့ အနုလုံဖြစ်တဲ့ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်"ဆိုတဲ့ ပတ်လမ်း အနုလောမကိုလည်း ထပ်ပြီးတော့ ဆင်ခြင်တော်မူပါတယ်။ တစ်ခါ ပဋိစ္စသမုပ္ပါဒ်တို့ရဲ့ ပြတ်လမ်း (သို့မဟုတ်) သံသရာပြတ်လမ်းဖြစ်တဲ့ အဝိဇ္ဇာချုပ်ငြိမ်းရင် သင်္ခါရချုပ်ငြိမ်းပုံ၊ အဲဒီ ပဋိလောမကိုလည်း ထပ်မံ၍ ဆင်ခြင်တော်မူပါတယ်။ ဒီတော့ ဒီလိုဖြစ်ရင် ဒီလိုဖြတ်လို့ ရသည်လို့ ဆင်ခြင်ပြီးတော့၊ အရှိအတိုင်း သိတော်မူတဲ့အတွက် ဝမ်းမြောက်တော်မူလွန်းလို့ . . .

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ
အာတာပိနော ဈာယနော ဗြဟ္မဏဿ
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။
. . . ဆိုတဲ့ ဂါထာတော်နဲ့ ဥဒါန်းကျူးတော်မူပြန်

ပါတယ်။

ဆိုလိုတာကတော့ အကြင်အခါမှာ အာတာပိဝီရိယ လို့ခေါ်တဲ့ သမ္မပဒါန် ဝီရိယနဲ့ အားထုတ်လျက်က ဈန်လို့ခေါ်တဲ့ ကိလေသာတို့ကို ရှုမှတ်မှု သတိဖြင့် ရှုမှတ်လျက်က မကောင်းမှုမှ အပပြုပြီးသောသူအား ထိုပဋိစ္စသမုပ္ပါဒ်တို့၏ အပြန်အလှန် နှင့်တကွ ကိလေသာ အားလုံးတို့ကို (တရားသဘော အားလုံးတို့ကို) သူ၏ဉာဏ်ဝမှာ ထင်ရှားဖြစ်ပေါ်၍ လာကုန်ပြီ။ အဲဒီလို ထင်ရှားဖြစ်ပေါ်လာတဲ့အခါ ထိုပုဂ္ဂိုလ်အား မာရ်နတ်မင်း၏ စစ်သည်နှင့်တကွ အားလုံးတို့ကို မှုတ်လွှင့်၍ ပစ်လိုက်ပြီ (သို့မဟုတ်) သာသနာ့အလင်းရောင် ထွန်းလင်းပြီ လို့ဆိုပါတယ်။ ကောင်းကင်မှာ နေမင်း ထွက်ပြူလာရင် အမိုက် အမှောင်အားလုံးကို မှုတ်လွှင့်ပစ်လိုက်သလိုပါဘဲလို့ ဆိုလိုပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား . . .

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ပဋိလုံအားဖြင့် ဆင်ခြင်တော်မူပြီး ပတ်ခြင်းကိုသော်လည်းကောင်း၊ ပြတ်ခြင်းကိုသော်လည်းကောင်း နှစ်ခုလုံးရဲ့ အကြောင်းခြင်းရာကို အကုန်သိသဖြင့် "ယဒါဟဝေ"နဲ့ ဉဒါန်းကျူးတော်မူပါတယ်ဘုရား။ သံဃာတော်အရှင်မြတ်အပေါင်းတို့မှာလည်း ယခုပွင့်တော်မူလျက်ရှိသော "ရွှေချက်သို" ဘုရားရှင်အား ပဋိစ္စသမုပ္ပါဒ်



"အနုလုံ ပဋိလုံ" နည်းအားဖြင့် ဉဒါန်းကျူး ပူဇော်တော်မူကြပါဘုရား . . .

(အနုလုံ) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယံနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဉပါဒါနံ၊ ဉပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(ပဋိလုံ) အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဉပါဒါန နိရောဓော၊ ဉပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏ



သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(ဉဒါန်းဂါထာ) ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ
အာတာ ပိနော ဈာယတော ဗြာဟ္မဏဿ
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

ဘုရားရှင် ပထမသတ္တာဟမှာ အောင်တော်မူခဲ့တာတွေဖြစ်ပါတယ်။ ဒါပြီးတော့ ဒုတိယ သတ္တာဟ အနိမိသံကုန်း ဒါပြီးတော့ တတိယသတ္တာဟ စင်္ကြမဋ္ဌာန၊ ဒါပြီး စတုတ္ထသတ္တာဟ အဖြစ် ဗောဓိပင်ရဲ့ ရာဟုထောင့်မှာရှိတဲ့ နတ်တွေ ဖန်ဆင်းထားတဲ့ ရတနာဃရရွှေအိမ်လို့ခေါ်တဲ့ ကျောင်းတော်မှာ သီတင်းသုံးပါတယ်။ ဒီလို သီတင်းသုံးတော်မူတဲ့အချိန်မှာ ဘုရားရှင်သည် အဘိဓမ္မာလို့ခေါ်တဲ့ ခန္ဓာ၊ အာယတနဓါတ်၊ သစ္စာတို့နဲ့ ပတ်သက်တဲ့ အလွန်ခက်ခဲ နက်နဲသော တရားတော်တို့ကို ဆင်ခြင်ပါတယ်။ ဒီလိုဆင်ခြင်တဲ့အခါမှာ အဘိဓမ္မာရဲ့ အစကျမ်းက စပြီးဆင်ခြင်တယ်။ နောက်ဆုံးဖြစ်တဲ့ "ပဋ္ဌာန်းကျမ်း"ရောက်သောကာလကျမှ သဗ္ဗညုတဉာဏ်ရဲ့ ကျက်စားရာ လူးလွန့်ရာဖြစ်တဲ့အတွက် ရောင်ခြည်တော်ခြောက်ပါးနဲ့တကွ အားလုံးကွန့်မြူး

တော်မူပါတယ်။ ဒီလို ကွန့်မြူးတော်မူသည်ကို အကြောင်းပြု၍ ယခုအခါ အနေကဇာတင်ရာမှာ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ရပါတယ်။

သံဃာတော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ ဘုရား . . .

ဘုရားရှင်သည် သက္ကရာဇ် (၁၀၃)ခုနှစ်၊ နယုန်လဆန်း (၄)ရက်၊ (၅)ရက်လောက်ရောက်သောအခါ စတုတ္ထသတ္တာဟ စံမြန်းတော်မူပါတယ်ဘုရား။ အဲဒီစံမြန်းတော်မူတဲ့အချိန် အဘိဓမ္မာဒေသနာတော်ကို တစ်ကျမ်းပြီးတစ်ကျမ်း၊ တစ်ဆင့်ပြီး တစ်ဆင့် အာရုံပြုခဲ့ရာ နောက်ဆုံးပဋ္ဌာန်းကျမ်းရောက်သော ကာလ၌ ရောင်ခြည်တော်ခြောက်ပါးနဲ့တကွ ဘုန်းတော်ခြောက်စုံ၊ ဘုရားရှင်ရဲ့ ဂုဏ်များအားလုံး ပွင့်ပေါ်တော်မူပါတယ်။ ထို့အတူ ယခုလည်းပဲ အရှင်ဘုရားတို့၏ ဦးထိပ်ထက်၌ ပွင့်တော်မူလျက်ရှိသော "ရွှေချက်သိုဘုရားရှင်"အား ဘုရားရှင်ရဲ့ကိုယ်စား ပဋ္ဌာန်းတရားတော်တို့ကို ပူဇော်၍ ရောင်တော်ဖွင့်တော်မူကြပါ အရှင်မြတ်တို့ဘုရား။



**ပဋ္ဌာန်းဒေသနာ**

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊
သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊
အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊
ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊
ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊
ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊
သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊
ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

ဒါက စတုတ္ထသတ္တာဟမှာ ဘုရားရှင်ဆောင်ရွက်တော်မူချက် ဖြစ်ပါတယ်။ ဒါပြီး ပဥ္စမသတ္တာဟ ဗောဓိပင်ရဲ့ အရှေ့အရပ် ဆိတ်ကျောင်းသားတို့ နားခိုရာ ညောင်ပင်ဖြစ်တဲ့အတွက် အဇပါလ ညောင်ပင်၊ ဒီညောင်ပင်မှာ အထူးလုပ်ဆောင်ချက် မရှိပါ။ ဒါပြီး ဆဋ္ဌမသတ္တာဟ မုစ္စလိန္ဒာအိုင် မဟာဗောဓိပင်ရဲ့ အဂ္ဂိထောင့်အရပ်မှာ ရှိပါတယ်။



ဒီမှာလည်း အထူးတလည် ဆောင်ရွက်တာရယ်လို့ မရှိပါ။ ဒါပြီး သတ္တမ သတ္တာဟအဖြစ် ဗောဓိပင်ရဲ့တောင်အရပ်မှာရှိတဲ့ လင်းလွန်းဗောဓိမှာ သီတင်းသုံးတော်မူပါတယ်။ ဒီအချိန်မှာ သုံးဆယ့်တစ်ဘုံသားတို့အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လို့ခေါ်တဲ့ ဗြဟ္မာ့ဝိဟာရ (မြတ်သောနေခြင်း)ဖြင့် နေတော်မူသော အချိန်ဖြစ်ပါတယ်။ ဒီလိုနေတဲ့အချိန်မှာ ပထမ သဗ္ဗေသတ္တာ အစချီတဲ့ မေတ္တာပို့ "အနောဓိသက" လို့ ဆိုတဲ့ မရည်ညွှန်းတာက ငါးမျိုး၊ သဗ္ဗာ ဣတ္ထိယာ အစချီတဲ့ ဩဓိသ လို့ဆိုတဲ့ ရည်ညွှန်းတာက ခုနှစ်မျိုးနဲ့ မေတ္တာပို့တော်မူခဲ့ပါတယ်။ ဒါပြီးတော့မှ ဒိသာဖရဏ မေတ္တာ လို့ခေါ်တဲ့ အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာမှာရှိတဲ့ အဲ့ဒီမရည်ညွှန်းငါးမျိုး၊ ရည်ညွှန်းခုနစ်မျိုးတို့ကို မေတ္တာပို့ပြန် ပါတယ်။ ဒါပြီး ဒီသုံးဆယ့်တစ်ဘုံမှာ မြေပေါ်မှာ၊ ရေထဲမှာ ကောင်းကင်မှာ တည်နေတဲ့ သတ္တဝါအားလုံးကို အနီးကပ် ဘေးရန်မှ ကင်းရန် မေတ္တာပွားတော်မူပြန်ပါတယ်။ အချိန်အားဖြင့် လျှောက်ထားရရင် နယုန်လပြည့်ကျော် (၁၃)ရက် လောက်ကနေပြီး ဝါဆိုလဆန်း(၅)ရက် (၆)ရက်လောက်ထိ သီတင်းသုံးချိန် ဖြစ်ပါတယ်။ အဲဒီလို မေတ္တာပို့ရာမှာ . . .

မေတ္တာဖြင့် မေတ္တာပို့ခြင်း
ကရုဏာဖြင့် မေတ္တာပို့ခြင်း
မုဒိတာဖြင့် မေတ္တာပို့ခြင်း

ဥပေက္ခာဖြင့် မေတ္တာပို့ခြင်း

. . . လို့ လေးမျိုးတွေ့ရပါ တယ်။

အဲဒီ မရည်ညွှန်းငါးမျိုးထဲမှာ **“သဗ္ဗေသတ္တာ”**ကစပြီး လျှောက်ထားရရင် (၃၁)ဘုံသားအားလုံးကို ရည်ညွှန်းသော်လည်း အထူးအားဖြင့် ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံမှာရှိတဲ့ သတ္တဝါတွေကို ရည်ညွှန်းပါတယ်။ **“သဗ္ဗေပါဏာ”**ဆိုတာ ထွက်သက်၊ ဝင်သက် ရှိသော လူသားတွေနဲ့တိရစ္ဆာန်တွေကို အထူးပြုရည်ညွှန်းပါတယ်။ **“သဗ္ဗေဘူတာ”**ဆိုသည်မှာ ရုပ်စုံ၊ နာမ်စုံ ရှိတဲ့ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာမှာ တစ်ဆယ့်ငါးဘုံသော ပုဂ္ဂိုလ်များကို ရည်စူးပါ တယ်။ **“သဗ္ဗေပုဂ္ဂလာ”**ဆိုသည်မှာ ပုဂ္ဂိုလ်အဖြစ် စာရင်းဝင်သော်လည်း မမြင်အပ်သော အရူပလေးဘုံမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို အထူးပြုပါတယ်။ ဒါပြီး **“သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ”** ဆိုသည်မှာ ကိုယ် အတ္တဘော၌ အကျုံးဝင်တဲ့ အသညသတ်ပုဂ္ဂိုလ်တွေကို အထူးပြုပါတယ်။

အဲဒီ ရည်ညွှန်းခုနှစ်မျိုးထဲမှာရှိနေတဲ့ **“သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေပုရိသာ”**ဒါက အစုံတခု ဖိုနဲ့မ၊ **“သဗ္ဗေ အရိယာ၊ သဗ္ဗေအနရိယာ”**ဆိုတာက အရိယဖြစ်ပြီးသောသူ၊ အရိယာ မဖြစ်သေးသောသူကိုလည်း အစုံတခု ထားပါတယ်၊ ပြီးတော့ **“သဗ္ဗေဒေဝါ”**နတ်ပြဟ္မာအားလုံး၊ ပြီးတော့ **“သဗ္ဗမနုဿာ”** လူသားများအားလုံး၊ **“သဗ္ဗဝိနိပါတိကာ”**ဝိနိပါတိကဘေးဖြင့် အစွဲရှိရာ ကျရောက်နေရတဲ့၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်



အစရှိတဲ့ ဝေမာနိက အားလုံး ဒါတွေကိုရည်စူးပြီးတော့ **“အဝေရာဟောန္တု”** ရန်မရှိသည်ဖြစ်ကြပါစေ၊ **“အဗျာပဇ္ဈာဟောန္တု”** စိုးရိမ်ကြောင့်ကြကင်းကြပါစေ၊ **“အနီဃာဟောန္တု”** စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊ **“သုခီ အတ္တာနံ ပရိဟရန္တု”** ကိုယ့်ကိုယ်ကိုချမ်းသာအောင် နေတတ်ကြပါစေလို့ စိတ်ညွှတ်ပေးရမှာဖြစ်ပါတယ်။ ဒါကို **“မေတ္တာဖြင့်မေတ္တာပို့ခြင်း”** လို့ခေါ်ပါတယ်။

ဘုရားရှင်သည် အတွင်းရန်၊ အပြင်ရန်ကို အောင်တော်မူပြီးတဲ့အတွက် ဘုရားရှင်မှာ ရန်မရှိတော့သလို ကျန်တဲ့ ဝေနေယျအားလုံးကိုလည်း ဘုရားရှင်လိုပဲရန်မရှိအောင် စိုးရိမ်ကြောင့်ကြမှုမရှိအောင် စိတ်ဆင်းရဲမှုမရှိအောင် ကိုယ့်ကိုယ်ကို ချမ်းချမ်းသာသာနေတတ်အောင် တန်းတူထား၍ မေတ္တာပို့ပါတယ်။

ဒါပြီးတော့ - **ဒုက္ခာမုစ္စန္တု** . . .

ဘုရားရှင် ကိုယ်တော်တိုင်မှာ - ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်ပြီးဖြစ်ပေမယ့် ဝေနေယျတွေမှာတော့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ မိမိကြောင့်ဖြစ်တဲ့၏ဒုက္ခ၊ သူတပါးကြောင့်ဖြစ်တဲ့ဒုက္ခ၊ အဲဒီဒုက္ခတွေအားလုံးမှ မလွတ်ပုံကို သနားသောအားဖြင့် ဩော် . . . ငါနုစဉ်ကာလတုန်းကလည်း သူတို့လို ဆင်ကန်းတောတိုးနဲ့သွားခဲ့တဲ့အတွက် ဒုက္ခမျိုးစုံရောက်ခဲ့ပြီလို့ နုစဉ်ဘဝနဲ့တန်းတူထားပြီး၊ မေတ္တာပို့တာဖြစ်လို့ **“ကရုဏာဖြင့်**



**မေတ္တာပို့ခြင်း**”လို့ခေါ်ပါတယ် . . .

နောက်တစ်ခုက . . .

ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မယုတ်လျော့ပါစေနှင့်လို့ စိတ်ထားပေးနိုင်ခြင်းပါပဲ။

ဘုရားရှင်ကိုယ်တော်တိုင်ကတော့ ဘယ်လာဘ်လာဘကမှ မယုတ်လျော့တော့ပါဘူး။ ဘုန်းတော်၊ကံတော်၊ ဉာဏ်တော်လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ခဲ့တဲ့ပါရမီတော်က တစ်ပြားသားမှ မယုတ်လျော့တော့ပါဘူး။ သို့သော်-

သံသရာမှာ ကျင်လည်နေတဲ့ သတ္တဝါတွေမှာ တချို့အထက်တန်းစားဖြစ်သော်လည်းအောက်ရောက်၊ တချို့အောက်ကနေ အထက်ပြန်တက်လိုတက်နဲ့ အဲဒီလိုဖြစ်နေသူတွေကြည့်ပြီး အထက်ဘုံရောက်နေသူတွေ အပါယ်လေးဘုံ အောက်ဘုံပြန်မကျစေလိုတဲ့ စေတနာနဲ့ “ရပြီးသော စည်းစိမ်ဥစ္စာများမှာ မယုတ်လျော့ပါစေနှင့်”လို့ ဝမ်းမြောက်ဝမ်းသာအားဖြင့် ပို့သတဲ့မေတ္တာကို **“မုဒိတာဖြင့် မေတ္တာပို့ခြင်း”** လို့ဆိုရပါတယ်။

ဘုရားရှင် နုစဉ်ဘဝက ဗြဟ္မာမင်းဘဝ၊ နတ်မင်းဘဝ၊ အကြိမ်ကြိမ်ရရှိပြီး၊ ချမ်းသာတာ ခံစားဖူးလေတော့ ကိုယ်တော်နှင့် တန်းတူထားပြီး ချမ်းသာခြင်းမှ မယုတ်လျော့စေလိုတဲ့ မုဒိတာမေတ္တာပို့ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ “ကမ္မသကာ”ဆိုတာကတော့ မိမိက ဘယ်လိုပင်မေတ္တာပို့ပို့ သူ့ကံအကြောင်းတရား သူ့စေတနာ၊ သူ့အစွဲအလမ်းအတိုင်း၊ အောက်ကျမယ့်ပုဂ္ဂိုလ်သည် အောက်ကျ၊ အထက်တက်မဲ့ ပုဂ္ဂိုလ်သည် အထက်တက်ရတာဖြစ်လို့ ဘုရားရှင်ဟာ ဥပေက္ခာစိတ်နဲ့ မိမိတို့ပြုလုပ်သော ကောင်းမှု၊ ဆိုးမှုအတိုင်း ကောင်းဒဏ်၊ ဆိုးဒဏ်များကို ခံကြ၊ ခံကြပါစေ၊ (သို့မဟုတ်) မိမိပြုသော အပြုအမူသည် မိမိသာခံရမည့် အဖြစ်ကို သဘောပေါက်ကျပါစေလို့ **ဥပေက္ခာနဲ့ယှဉ်တဲ့ မေတ္တာပို့**ကို ပွားတော်မူပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင်လည်း နုစဉ်ကာလတုန်းက သူ့အစွဲကျရာ သူ့ကံကျူးလွန်ရာ သူဖြစ်ခဲ့တဲ့အတိုင်း အဲဒါတွေကို တန်းတူထားပြီး မေတ္တာပို့ပါတယ်။

**“ဒိသာဖရဏ”** ကလည်း သဘောချင်းအတူတူပါပဲ၊

**“ဥဒ္ဓံယာဝ ဘဝဂ္ဂါစ”** ကျတော့ မြေပေါ်မှာ ၊ ရေထဲမှာ၊ ကောင်းကင်မှာရှိတဲ့ သတ္တဝါအားလုံး မြင်အပ်၊ မမြင်အပ်၊ အနီး အဝေးတွေကို၊ နိဝေရာစ - ရန်ကင်း၊ နိဒုက္ခာစ - ဒုက္ခကင်း၊ နူပဒ္ဒဝါ - အနီးကပ် ကပ်၍ညှင်းဆဲ ဖျက်ဆီးတဲ့ရန်မှ ကင်းကြပါစေလို့ မေတ္တာပွားတာပါ။

သံဃာတော် အရှင်ကောင်း - အရှင်မြတ်အပေါင်းတို့ ဘုရား။



ဘုရားရှင်သည် သတ္တမသတ္တာဟဖြစ်တဲ့ လင်းလွန်းပင်၊ ဗောဓိပင်အောက်ကနေပြီး (၃၁)ဘုံသာ အမြင့်အနိမ့်၊ အလယ် အလတ်၊ အားလုံးတို့ကို မေတ္တာဖြင့် - မေတ္တာပို့ခြင်း၊ ကရုဏာဖြင့် မေတ္တာပို့ခြင်း မုဒိတာဖြင့် မေတ္တာပို့ခြင်း၊ ဥပေက္ခာဖြင့် မေတ္တာပို့ခြင်း ပြုသကဲ့သို့ . . .

အရှင်ဘုရားတို့သည်လည်း အရှင်ဘုရားတို့ရဲ့ဦးထိပ်မှာ ပွင့်တော်မူစဖြစ်သော၊ ရွှေချက်သို ဘုရား အာရုံပြု၍ သတ္တဝါ အပေါင်းတို့အား မေတ္တာပွားပို့ကြပါစို့ဘုရား။

* ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊

* ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊

* ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊

* သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊
သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊
သဗ္ဗေ အတ္တ ဘာဝ ပရိယာပန္နာ၊

* သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊
သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ -



* အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။
ဒုက္ခာမုစ္စန္တု၊ ယထာ လဒ္ဓ သမ္ပတ္တိတော၊
မာဝိ ဂစ္ဆန္တု ကမ္မဿကာ။

* ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ပထဝီစရာ၊
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစာနူပဒ္ဒဝါ။

* ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစာနူပဒ္ဒဝါ။

* ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ အာကာသေစရာ၊
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစာနူပဒ္ဒဝါ။

ဘုရားရှင်ဟာ သတ္တမ သတ္တာဟမှာ ဗြာဟ္မဝိဟာရတရား လေးပါးနဲ့ ပွားများနေတဲ့အချိန် မြန်မာပြည် ဥက္ကလာပ ဒဂုံတိုင်းက တဖုဿနဲ့ ဘလ္လိက ကုန်သည်ညီနောင်တို့ ဦးဆောင်ပြီး လှည်း ငါးရာနဲ့ ကုန်သည်အဖွဲ့ဟာ ဗုဒ္ဓဂယာအနီးက ဖြတ်သွားချိန်၊ တစ်ချိန်က သူတို့နဲ့ဆွေမျိုးတော်ခဲ့ဖူးတဲ့ နတ်မင်းက လူယောင် ဆောင်ပြီး “ဘုရားရှင် ပွင့်ထွန်းနေပြီး သင်တို့သွားဖူးကြ”၊ လို့ လမ်းညွှန်ပါတယ်၊ သူတို့လည်း ဘုရားရှင်ကို ဝမ်းပန်းတသာ

ဖူးမြော်ရင်းက ပျားမုန့်ဆွမ်းကပ်လှူကြတယ်၊ အဲဒီမှာ ဘုရားရှင်က ရှေးဘုရားရှင်တို့ ဘယ်လိုများအလှူခံခဲ့ပါလိမ့်လို့ ဆင်ခြင်တော်မူတဲ့အခါ သပိတ်တော်နဲ့ အလှူခံတာသွားတွေ့တယ် ဒါနဲ့ သပိတ်တော် အလို့ငှါ အာရုံယူတဲ့အခါ နတ်မင်းကြီးလေးပါးက ပတ္တမြားသပိတ်၊ မြသပိတ်၊ ရွှေသပိတ်၊ ငွေသပိတ်တွေ ဆက်ကပ်ပေမဲ့ ဒါတွေဟာ မအပ်စပ်လို့ ပယ်တော်မူတယ်၊ နောက်ဆုံးကျမှ ကျောက်ညိုသား သပိတ်လေးလုံးရောက်လာတယ်။

အဲ့ဒီ သပိတ်လေးလုံးကို အဓိဋ္ဌာန်တော်ဖြင့် တစ်ပေါင်းတည်းပြုပြီး တစ်လုံးတည်းဖြစ်စေကာ ပျားမုန့်ဆမ်းကို အလှူခံခဲ့ပါတယ်။ တဖုဿနဲ့ဘလ္လိကတို့ကလည်း တပည့်အဖြစ်မှတ်တော်မူပါဘုရားလို့ လျှောက်တဲ့အတိုင်း **"ဒွေဝါစိကသရဏဂုံ"** ချီးမြှောက်တော်မူပါတယ်။

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"**

အဲဒီတုန်းက အဲဒီသရဏဂုံ နှစ်ပါးပဲရှိသေးတယ်၊ သံဃာ ပေါ်မဲ့အချိန်က သက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်၊ ပဉ္စဝဂ္ဂီငါးဦး အစအဦးထားပြီးမှ သံဃာရယ်လို့ဖြစ်လာမှာပါ၊ တဖုဿနဲ့ ဘလ္လိကတို့ဟာ "ဒွေဝါစိကသရဏဂုံ"နှစ်ပါးခံယူဆောက်တည်ပြီး "တပည့်တော်များတိုင်းပြည်ပြန်ရောက်တဲ့အခါ အရှင်ဘုရားကိုယ်စား ကိုးကွယ်ရာတခုခု "ချီးမြှင့်ပါ"လို့ လျှောက်ထားတော့ မြတ်စွာဘုရားရှင်က ဆံတော်ရှစ်ဆူစွန့်တော်မူတယ်



အဲဒီဆံတော်ရှစ်ဆူဋ္ဌာပနာပြီး ရွှေတိဂုံစေတီတော်ကြီးတည်လာခဲ့တာ သက္ကရာဇ် (၁၀၃)ခုနှစ်၊ တပေါင်းလပြည့်မှာ ရွှေထီးတော်တင်လှူနိုင်ခဲ့တယ်၊

ဒါကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဘုရားရှင်နှင့်ဝါတော်အတူတူဖြစ်ပါတယ်၊ အဲ့ဒီအချိန်ကစပြီး တဖုဿနဲ့ ဘလ္လိကတို့ဟာ ဘုရားရှင်ရဲ့အဆုံးအမတော်အတိုင်း အားထုတ်တဲ့အတွက် တဖုဿက ရဟန်းကိစ္စပြီး ရဟန္တာဖြစ်၊ ဘလ္လိက အနာဂါမ်တည်တယ်လို့ဆိုပါတယ်၊ တစ်နည်းအားဖြင့် ဗုဒ္ဓနဲ့ဓမ္မကျေးဇူးကြောင့် တဖုဿနဲ့ဘလ္လိကတို့ နိဗ္ဗာန်သို့ ကူးခတ်သွားနိုင်ပုံဖြစ်ပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား

တဖုဿနဲ့ဘလ္လိကတို့အမွေရလာသော ဘုရားဂုဏ်တော် တရားဂုဏ်တော်တို့ကို ဘုရားရှင်ကိုယ်စား အရှင်ဘုရားတို့ ဦးထိပ်၌ ပွင့်တော်မူလျှက်ရှိသော ရွှေချက်သိုဘုရားအား အာရုံပြု ပူဇော်ကြပါစို့ဘုရား . . .

**(ဘုရားဂုဏ်တော်)** ဣတိပိ သော ဘဂဝါ -
အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊



သုဂတော၊
လောကဝိဒူ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
သတ္ထာဒေဝ မနုဿာနံ၊
ဗုဒ္ဓေါ၊
ဘဂဝါ။

**(တရားဂုဏ်တော်)** သွာက္ခာတော ဘဂဝတာ ဓမ္မော၊
သန္ဒိဋ္ဌိကော၊
အကာလိကော၊
ဧဟိပဿိကော၊
ဩပနေယျိကော၊
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ (၃၁)ဘုံသားဝေနေယျ ခုနှစ်ရက်သား/သမီးများကို အစထား၍ နိဗ္ဗာန်သွားလမ်းမှာ အပါခေါ်ချင်တဲ့အတွက် သတ္တသတ္တာဟစံတော်မူခန်းမှာ ပြုကျင့်တော်မူသော ဆောင်ရွက်ချက်များဖြစ်ပါတယ်။

## ဘိသိက်ခံတော်မူပုံ

ဒီလိုဆောင်ရွက်ပြီးမှသာ ဘုရားအဖြစ်ကို ဝန်ခံတော်မူပြီး၍ ဒေသစာရီလှည့်တော်မူပါတယ်၊ ဒီလို ဒေသစာရီလှည့်ခါနီးမှာ ရှေးဘုရားရှင်တို့ အပရာဇိတပလ္လင်မှာ ဘိသိက်ခံသကဲ့သို့ ဂေါတမဘုရားရှင်သည်လည်း "ဇယန္တော ဗောဓိယာမူလေ"ဖြင့် ဘိသိက်ခံတော်မူပါတယ်။

သံဃာတော်အရှင်ကောင်း အရှင်မြတ်အပေါင်းတို့ဘုရား

ယနေ့လည်း ရွှေချက်သိုဘုရားစေတီဟာ ပွင့်သစ်လို့နေပါပြီ ဘုရားရှင်သည် သတ္တ သတ္တာဟမှာ ဆောင်ရွက်သကဲ့သို့ ဘုရားရှင်ကလည်း ဥဒါန်းကျူးရင့်ခြင်း၊ အာရုံပြုခြင်း၊ မေတ္တာပို့ခြင်းအမှုတို့ကို ပြုလုပ်ဆောင်ရွက်ပြီးခဲ့ကြပါပြီ၊ ဒီလိုဆောင်ရွက်ပြီးတဲ့နောက် ဘုရားရှင်ဘိသိက်ခံတော်မူသကဲ့သို့ ရွှေချက်သိုဘုရား၏ အောင်တော်မူခြင်း၊ ဘိသိက်ကို အာရုံပြုပူဇော်ကြလျက် အနေကဇာတင်ပွဲ ရုပ်သိမ်းတော်မူကြပါကုန်စို့ အရှင်မြတ်တို့ဘုရား။

* ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝံ မေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

* အပရာဇိတ ပလ္လင်္ကေ၊ သီသေပုထု ဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။



* သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ
သုခဏော သုမုဟုတ္တောစ၊ သု ယိဋ္ဌံ ဗြဟ္မစာရိသု

* ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏော။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏော၊
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

* ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏော၊
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

* ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏော၊
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

သာဓု . . . သာဓု . . . သာဓု . . .

*



## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ "အနေကဇာတင်တော်မူပုံ" ကို ပါဠိသက်သက်(အနက်–အဓိပ္ပါယ်မပါ)ဖြင့် သီးသန့်ဖော်ပြပါသည်။

(ဗုဒ္ဓဝစန) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(ဥဒါန်း) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိသဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

(အနုလုံ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာ ပစ္စယာ တဏှာ၊
တဏှာ ပစ္စယာ ဥပါဒါနံ၊
ဥပါဒန ပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿဿုပါယာသာ သမ္ဘဝန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ၊

(ဥဒါန်း) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ
ယတော ခယံ ပစ္စယာနံ အဝေဒိ။

(ပဋိလုံ) အဝိဇ္ဇာယတွေဝ-
အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊
သဠာယတန နိရောဓာ ဖဿ နိရောဓော၊
ဖဿ နိရောဓာ ဝေဒနာနိရောဓော၊



ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊
ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ
ဒုက္ခ ဒေါမန ဿုပါယာသာ နိရုဇ္ဈန္တိ။
ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
နိရောဓော ဟောတိ။

(ဥဒါန်း) ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံနည်းအားဖြင့် ဥဒါန်းကျူးပူဇော်ပုံ

(အနုလုံ) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊
သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပပစ္စယာ သဠာယတနံ၊



သဠာယတပစ္စယာ ဖဿော၊
ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊
တဏှာ ပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာဇာတိ၊
ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊

(ပဋိလုံ) အဝိဇ္ဇာယ တွေဝ
အသေသ ဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတနနိရောဓော၊
သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊

ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓါ ဇရာ မရဏ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။
ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
နိရောဓော ဟောတိ။

(ဥဒါန်းကျူးပုံ)ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

(ပဋ္ဌာန်း) ဟေတု ပစ္စယော
အာရမ္မဏ ပစ္စယော
အဓိပတိ ပစ္စယော
အနန္တရ ပစ္စယော
သမနန္တရ ပစ္စယော
သဟဇာတ ပစ္စယော
အညမည ပစ္စယော
နိဿယ ပစ္စယော
ဥပနိဿယ ပစ္စယော



ပုရေဇာတ ပစ္စယော
ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော
ကမ္မ ပစ္စယော
ဝိပါက ပစ္စယော
အာဟာရ ပစ္စယော
ဣန္ဒြိယ ပစ္စယော
ဈာန ပစ္စယော
မဂ္ဂ ပစ္စယော
သမ္ပယုတ္တ ပစ္စယော
ဝိပ္ပယုတ္တ ပစ္စယော
အတ္ထိ ပစ္စယော
နတ္ထိ ပစ္စယော
ဝိဂတ ပစ္စယော
အဝိဂတ ပစ္စယော တိ ॥ ॥

**အရပ်ဆယ်ပါး မေတ္တာပွား**

* ပုရတ္ထိမာယ ဒိသာယ
ပစ္ဆိမာယ ဒိသာယ
ဥတ္တရာယ ဒိသာယ



ဒက္ခိဏာယ ဒိသာယ
* ပုရတ္ထိမာယ အနုဒိသာယ
ပစ္ဆိမာယ အနုဒိသာယ
ဥတ္တရာယ အနုဒိသာယ
ဒက္ခိဏာယ အနုဒိသာယ
* ဟေဋ္ဌိမာယ ဒိသာယ
ဥပရိမာယ ဒိသာယ
* သဗ္ဗေ သတ္တာ
သဗ္ဗေ ပါဏာ
သဗ္ဗေ ဘူတာ
သဗ္ဗေ ပုဂ္ဂလာ
သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ
* သဗ္ဗာ ဣတ္ထိယော
သဗ္ဗေ ပုရိသာ
သဗ္ဗေ အရိယာ
သဗ္ဗေ အနရိယာ
သဗ္ဗေ ဒေဝါ
သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ

* အဝေရာ ဟောန္တု

အဗျာပဇ္ဇာ ဟောန္တု

အနီဃာ ဟောန္တု

သုခီ အတ္တာနံ ပရိဟရန္တု

* ဒုက္ခာ မုစ္စန္တု ယထာ လဒ္ဓ သမ္ပတ္တိတော၊

မာဝိ ဂစ္ဆန္တု ကမ္မဿကာ။

* ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော၊

သမန္တာ စက္ကဝါဠေသု၊ ယေ ယတ္တာ ပထဝီစရာ။

အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစာ နုပဒ္ဒဝါ။

* ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော၊

သမန္တာ စက္ကဝါဠေသု၊ ယေ ယတ္တာ ဥဒကေစရာ။

အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစာ နုပဒ္ဒဝါ။

* ဥဒ္ဒံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော၊

သမန္တာ စက္ကဝါဠေသု၊

ယေ ယတ္တာ အာကာ  သေစရာ။

အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာ စ  နုပဒ္ဒဝါ။



**(ဘုရားဂုဏ်တော်)** ဣတိပိ သောဘဂဝါ

အရဟံ

သမ္မာသမ္ဗုဒ္ဓေါ

ဝိဇ္ဇာစရဏ သမ္ပန္နော

သုဂတော

လောကဝိဒူ

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊

သတ္ထာဒေဝ မနုဿာနံ

ဗုဒ္ဓေါ

ဘဂဝါ။

**(တရားဂုဏ်တော်)** သွာက္ခာတော ဘဂဝတာ ဓမ္မော

သန္ဒိဋ္ဌိကော

အကာလိကော

ဧဟိ ပဿိကော

ဩပနေယျိကော

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။



## "ဗုဒ္ဓါဘိသေက ဂါထာ"

* ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိ ဝဍ္ဎနော

ဧဝ မေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။

* အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထု ဝိပုက္ခလေ၊

အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

* သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ

သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

* ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာ ကမ္မံ ပဒက္ခိဏံ

ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏေ။

* ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊

တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ

အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

* ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊

တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ

အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

* ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ၊

တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ

အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

သာဓု . . .  သာဓု . . . သာဓု . . .

*

## ဘုရားဓာတ်သား နတ်များမပြတ် စောင့်ကြပ်ကြပါ

အရှေ့အရပ်၌ နေထိုင်ကြကုန်သော ဂန္ဓဗ္ဗဇာတ်ဆောင်း နတ်အပေါင်းတို့ ... ဘုရားသွေးသား တို့အများကို ရောဂါ ဘေးဘျမ်း အေးချမ်းလို စိတ်ဖြင့် ...

အိပ်စက်နေလည်း စောင့်မြဲစောင့်လေ ... ။
ထိုင်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
ရပ်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
သွားလျက်နေလည်း စောင့်မြဲစောင့်လေ ... ။
အခါမလပ် စောင့်ကြပ်ကြပါလေ ... ။

တောင်အရပ်၌ နေထိုင်ကြကုန်သော ကုမ္ဘဏ္ဍဇာတ်ဆောင်း နတ်အပေါင်းတို့ ... ဘုရားသွေးသား တို့အများကို ရောဂါ ဘေးဘျမ်း အေးချမ်းလိုစိတ်ဖြင့် ...

အိပ်စက်နေလည်း စောင့်မြဲစောင့်လေ ... ။
ထိုင်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
ရပ်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
သွားလျက်နေလည်း စောင့်မြဲစောင့်လေ ... ။
အခါမလပ် စောင့်ကြပ်ကြပါလေ ... ။

အနောက်အရပ်၌ နေထိုင်ကြကုန်သော နာဂဇာတ်ဆောင်း နတ်အပေါင်းတို့ ... ဘုရားသွေးသား တို့အများကို ရောဂါ ဘေးဘျမ်း အေးချမ်းလိုစိတ်ဖြင့် ...



အိပ်စက်နေလည်း စောင့်မြဲစောင့်လေ ... ။
ထိုင်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
ရပ်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
သွားလျက်နေလည်း စောင့်မြဲစောင့်လေ ... ။
အခါမလပ် စောင့်ကြပ်ကြပါလေ ... ။

မြောက်အရပ်၌ နေထိုင်ကြကုန်သော ယက္ခဇာတ်ဆောင်း နတ်အပေါင်းတို့ ... ဘုရားသွေးသား တို့အများကို ရောဂါ ဘေးဘျမ်း အေးချမ်းလိုစိတ်ဖြင့် ...

အိပ်စက်နေလည်း စောင့်မြဲစောင့်လေ ... ။
ထိုင်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
ရပ်လျက်နေလည်း စောင့်မြဲစောင့်လေ ... ။
သွားလျက်နေလည်း စောင့်မြဲစောင့်လေ ... ။
အခါမလပ် စောင့်ကြပ်ကြပါလေ ... ။

လောကစောင့်ဗြဟ္မာနတ်မင်းကြီးလေးပါးတို့ ... ဘုရားသွေး သား တို့အများကို ရောဂါဘေးဘျမ်း အေးချမ်းလိုစိတ်ဖြင့် ...

အိပ်စက်နေက ဖေးမကြပါကုန် ... ။
ထိုင်လျက်အထ ဖေးမကြပါကုန် ... ။
ရပ်လျက်အကြွ ဖေးမကြပါကုန် ... ။
သွားလျက်အချ ဖေးမကြပါကုန် ... ။
နှုတ်မြွက်စိတ်မှန်း အေးချမ်းရလိုကုန် ... ။



ကောင်းကင်၊ မြေနေ နတ်၊ နဂါးနှစ်ထွေတို့ ... ဘုရား သွေးသား တို့အများကို ရောဂါဘေးဘျမ်းအေးချမ်းလိုစိတ်ဖြင့်

အိပ်စက်နေက ဖေးမကြကုန် ...။
ထိုင်လျက်အထ ဖေးမကြကုန် ...။
ရပ်လျက်အကြွ ဖေးမကြကုန် ...။
သွားလျက်အချ ဖေးမကြကုန် ...။
နှုတ်မြွက်စိတ်မှန်း အေးချမ်းရလိုကုန် ...

ဤနေရာချဉ်း တန်ခိုးကြီး နတ်မင်းတို့ ...ဘုရားသွေးသား တို့အများကို ရောဂါဘေးဘျမ်းအေးချမ်းလိုစိတ်ဖြင့် ...

အိပ်စက်နေက ဖေးမကြကုန် ...။
ထိုင်လျက်အထ ဖေးမကြကုန် ....။
ရပ်လျက်အကြွ ဖေးမကြကုန် ...။
သွားလျက်အချ ဖေးမကြကုန် ...။
နှုတ်မြွက်စိတ်မှန်း အေးချမ်းရလိုကုန် ... ။

ဤသာသနာချဉ်းတန်ခိုးကြီးနတ်မင်းတို့ ... ဘုရား သွေးသားတို့အများကို ရောဂါဘေးဘျမ်းအေးချမ်းလိုစိတ်ဖြင့် ...

အိပ်စက်နေက ဖေးမကြကုန် ...။
ထိုင်လျက်အထ ဖေးမကြကုန် ...။
ရပ်လျက်အကြွ ဖေးမကြကုန် ...။
သွားလျက်အချ ဖေးမကြကုန် ...။
နှုတ်မြွက်စိတ်မှန်း အေးချမ်းရလိုကုန် ... ။

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဓမ္မစကြာအမွှန်း

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာန ပါပကံ။

(ခ) သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗ ဒေဝေဟိ၊
သဗ္ဗ သမ္ပတ္တိ သာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မ စက္ကံ ဘဏာမ ဟေ။



### ၁။ ဓမ္မစကြာနိဒါန်း

**ဧဝံ မေ သုတံ -**
**ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။**
**တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။**

### ၂။ အယုတ်တရား နှစ်ပါး

ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

ကတမေ ဒွေ -

ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

### ၃။ အလယ်အလတ်အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မမဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ



အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ-

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

### ၄။ ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ, ဒုက္ခာ။

### ၅။ သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ ဘိနန္ဒိနီ။

သေယျထိဒံ -

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

**၆။ နိရောဓသစ္စာ**

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

**၇။ မဂ္ဂသစ္စာ**

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ-

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော သမ္မာသတိ၊ သမ္မာသမာဓိ။

**၈။ ဒုက္ခသစ္စာ၌ သစ္စဉာဏ်**

"ဣဒံ ဒုက္ခံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။



**၉။ ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၀။ ဒုက္ခသစ္စာ၌ ကတဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိမေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၁။ သမုဒယသစ္စာ၌ သစ္စဉာဏ်**

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၂။ သမုဒယသစ္စာ၌ ကိစ္စဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။



**၁၃။ သမုဒယသစ္စာ၌ ကတဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံပဟီန" န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၄။ နိရောဓသစ္စာ၌ သစ္စဉာဏ်**

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၅။ နိရောဓသစ္စာ၌ ကိစ္စဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ "န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၆။ နိရောဓသစ္စာ၌ ကတဉာဏ်**

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ၁၇။ မဂ္ဂသစ္စာ၌ သစ္စဉာဏ်

“ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ၁၈။ မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

“တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ၁၉။ မဂ္ဂသစ္စာ၌ ကတဉာဏ်

“တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ အရိယသစ္စံ ဘာဝိတ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ၂၀။ ရှေးကဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

“ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံ အဟောသိ။



နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ” တိ ပစ္စညာသိံ။

## ၂၁။ ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ” အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။

## ၂၂။ ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ “အကုပ္ပယေဝိမုတ္တိ အယ’မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ”တိ။



## ၂၃။ ပဉ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒ’ မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## ၂၄။ အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံစ’ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။

## ၂၅။ နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ’ဒေဝါ သဒ္ဒ’ မနုဿာဝေသုံ “ဧတံ ဘဂဝတော ဗာရဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ’မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ’ မနုဿာဝေသုံ “ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒ” မနုဿာဝေသုံ“ ဧတံ ဘဂဝတာ ဗာရဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒ’ မနုဿာဝေသုံ“ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒ, မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။



နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒ’မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ,မနုဿာ ဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

### ၂၆။ တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

### ၂၇။ အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏောစ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါ နုဘာဝန္တိ[၂]။



### ၂၈။ မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ “အညာသိ ဝတဘော ကောဏ္ဍညော၊ အညာသိ ဝတဘော ကောဏ္ဍညော”တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေဝ နာမံ အဟောသိ။

### ၂၉။ အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏ ဝိစိကိစ္ဆော ဝိဂတကထံ ကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ- “လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ” န္တိ။

### ၃၀။ ဧဟိဘိက္ခု ရဟန်းအဖြစ်ရပုံ

“ဧဟိ ဘိက္ခူ”တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာ ယာတိ၊ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

**“ဓမ္မစက္ကပ္ပဝတ္တန သုတ္တံ နိဋ္ဌိတံ”**

*

## အနတ္တလက္ခဏသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### အနတ္တလက္ခဏသုတ်အဖွင့်

(က) ဓမ္မစက္ကံ ပဝတ္တေတွာ
အာသဠှိယံ ဟိ ပုဏ္ဏမေ
နဂရေ ဗာရာဏသိယံ
ဣသိပတန ဝှယေ ဝနေ။

(ခ) ပါပေတွာ'ဒိ ဖလံ နေသံ၊
အနုက္ကမေန ဒေသယိ၊
ယံ တံ ပက္ခဿ ပဉ္စမျံ၊
ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

### (၁) အနတ္တလက္ခဏသုတ်နိဒါန်း

ဧဝံ မေ သုတံ၊
ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ
ဣသိပတနေ မိဂဒါယေ။
တတြခေါ ဘဂဝါ
ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ"ဘိက္ခဝေါ"တိ။



"ဘဒ္ဒန္တေ"တိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊
ဘဂဝါ ဧတ, ဒဝေါစ-

### (၂) ရူပက္ခန္ဓာအနတ္တာဖြစ်ပုံ

**ရူပံ ဘိက္ခဝေ အနတ္တာ၊**
ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊
နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊
ဧဝံ မေ ရူပံ မာ အဟောသီ" တိ။
ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊
တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ရူပေ-
"ဧဝံမေ ရူပံ ဟောတု၊
ဧဝံမေ ရူပံ မာ အဟောသီ"တိ။

### (၃) ဝေဒနာက္ခန္ဓာအနတ္တဖြစ်ပုံ

**ဝေဒနာ အနတ္တာ၊**
ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊
နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထ စ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊



ဧဝံ မေ ဝေဒနာ မာ အဟောသီ" တိ၊
ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊
တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ဝေဒနာယ-
"ဧဝံ မေ ဝေဒနာ ဟောတု၊
ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

### (၄) သညာက္ခန္ဓာအနတ္တာဖြစ်ပုံ

**သညာ အနတ္တာ၊**
သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊
နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။
လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ ဟောတု၊
"ဧဝံ မေ သညာ မာ အဟောသီ"တိ၊
ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊
တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ သညာယ-
"ဧဝံ မေ သညာ ဟောတု၊
ဧဝံ မေ သညာ မာ အဟောသီ"တိ။

## (၅) သင်္ခါရက္ခန္ဓာအနတ္တာဖြစ်ပုံ

**သင်္ခါရာ အနတ္တာ၊**

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊
နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။
လဗ္ဘေထ စ သင်္ခါရာယ
“ဧဝံ မေ သင်္ခါရာ ဟောန္တု၊
ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ၊
ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊
တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊
န စ လဗ္ဘတိ သင်္ခါရေသု-
“ဧဝံ မေ သင်္ခါရာ ဟောန္တု၊
ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။

## (၆) ဝိညာဏက္ခန္ဓာအနတ္တာဖြစ်ပုံ

**ဝိညာဏံ အနတ္တာ၊**

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊
နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။
လဗ္ဘေထ စ ဝိညာဏေ
“ဧဝံ မေ ဝိညာဏံ ဟောတု၊
ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ၊



ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊
တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ဝိညာဏေ
“ဧဝံ မေ ဝိညာဏံ ဟောတု၊
ဧဝံ မေ ဝိညာဏံ မာ အဟောသီ” တိ။

